# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၆၈)၊ ၁၃၈၈ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် ၅ ရက်၊ ၂–၉–၂၀၂၆၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

# ဒုတိယသမ္မတ ဦးညိုစော ရုရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ရုရှားသမ္မတ၏အကြံပေးနှင့် ဖိုရမ်ကျင်းပရေးကော်မတီ အမှုဆောင်အတွင်းရေးမှူးနှင့် ရော့စ်ကွန်ဂရက်စ် ငွေကြေးရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူးတို့အား သီးခြားစီလက်ခံတွေ့ဆုံ

ဗလာဒီဗော့စတော့ စက်တင်ဘာ ၁

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့တွင် ကျင်းပမည့် (၁၁)ကြိမ်မြောက် အရှေ့ဖျား စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ဗလာဒီဗော့စတော့မြို့၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးညိုစောသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ယူရီပက်ထရိုဗစ်ချ် ထရုညက်ဗ်နှင့် စက်တင်ဘာ ၁ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် ဗလာဒီဗော့စတော့မြို့၌ တွေ့ဆုံပြီး မြန်မာ–ရုရှား နှစ်နိုင်ငံဆက်ဆံရေး၊ ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူး

စာမျက်နှာ ၃ သို့ ☆




**ယနေ့ ဖတ်စရာ အညွှန်း**


အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေး ဥပဒေကြမ်း

စာမျက်နှာ ၆

တောင်ပြုံးပွဲတော်မှ ရတနာဂူပွဲတော်သို့ (ဆောင်းပါး)

စာမျက်နှာ ၁၄


## 2027 AFC U 20 Asian Cup အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(K) ခြေစစ်ပွဲစဉ်ကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၁

2027 AFC U 20 Asian Cup အမျိုးသားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်များ၏ အုပ်စု(K)ပွဲစဉ်များကို ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၆ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိပြီး ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ စက်တင်ဘာ ၃ ရက် ညနေ ၄ နာရီတွင် မြန်မာအမျိုးသားအသင်းနှင့် ဘရူနိုင်းအမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကစားကြပွဲများကို ယင်းနေ့ မွန်းလွဲ ၃ နာရီ ၄၅ မိနစ်မှစတင်ပြီး MRTV HD Channel၊ MRTV Sports Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။ **သတင်းစဉ်**

## ပေါင်းလောင်းရေလှောင်တမံအောက်ဘက်ရှိ ဒေသများ ဘေးကင်းလုံခြုံမှုရှိပြီး ရေကြီးရေလျှံမှုအတွက် စိုးရိမ်ဖွယ်မရှိ

နေပြည်တော် စက်တင်ဘာ ၁

အောက်ပေါင်းလောင်းရေလှောင်တမံသည် လက်ရှိတွင် ဟိုက်ဒရောလစ် ရေမြှင့်ရေတံခါး Hydraulic Elevator Dam (HED) ၁၀ ရွက် ဖွင့်ထားပြီး စီးဝင်ရေနှင့်သိုလှောင်ရေကို ဟန်ချက်ညီထိန်းသိမ်းဆောက်ရွက်လျက်ရှိသကဲ့သို့ ပေါင်းလောင်းရေလွှဲဆည် (အဝေရာရေလွှဲဆည်)မှတစ်ဆင့် ရေလမ်းကြောင်းထိန်းညှိဆောင်ရွက်နေခြင်းကြောင့် ရေဝေရေလဲဒေသနှင့်

စာမျက်နှာ ၃ သို့ ✪





## အားကောင်းသော လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

နေပြည်တော် စက်တင်ဘာ ၁

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ် မြောက်ပိုင်း - ဂျက်ခမ်းပြည်နယ်တို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် နောက် ၄၈ နာရီအတွင်း အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် မြောက်ပိုင်းနှင့် ဂျက်ခမ်းပြည်နယ် ကုန်းတွင်းပိုင်းဒေသများကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၁

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်မှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၆ ခုနှစ် ၊ စက်တင်ဘာ ၂ ရက်၊ ဗုဒ္ဓဟူးနေ့။
မန္တလေး နေ့စဉ်

## အသိဉာဏ်ပညာပြည့်ဝပြီး အကျင့်စာရိတ္တကောင်းမွန်ရန် စာများများဖတ်သည့် အလေ့အကျင့်ကို မွေးမြူရမည်ဖြစ်

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အခြေခံပညာကျောင်းများမှ ကျောင်းသားများအပြင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းများမှ ကျောင်းသားများလည်း ဝင်ရောက်ဖြေဆိုခဲ့ကြသည်။ ယခုနှစ်၏ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် ရာခိုင်နှုန်းသည် ၅၂ ဒသမ ၃၇ ရာခိုင်နှုန်းဖြစ်သဖြင့် ယခင်နှစ်များထက် အောင်ချက်ရာနှုန်း တိုးတက်လာခဲ့သည်။ ထို့အပြင် ယခုနှစ်တွင် စတင်ကျင်းပသည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက် ရာခိုင်နှုန်းသည်လည်း ၄၉ ဒသမ ၇ ရာခိုင်နှုန်းရရှိခဲ့သည်။ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူး ရရှိသူ (၆၇၄) ဦး၊ တစ်နိုင်ငံလုံး ဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိသူ (၃၂) ဦးနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတွင်လည်း ဘာသာစုံဂုဏ်ထူး ရရှိသူ (၃) ဦး၊ တစ်နိုင်ငံလုံး ဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိသူ (၅၀) ဦး ပေါ်ထွက်ခဲ့သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုကို ဦးတည်လျှောက်လှမ်းရာတွင် နိုင်ငံသားများ၏ အသိဉာဏ်ပညာ ပြည့်စုံကြွယ်ဝမှု၊ အခြေခံစိတ်ဓာတ်ကောင်းမွန်မှု၊ ဆန်းသစ်တီထွင်နိုင်စွမ်းရှိမှု၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို တန်ဖိုးထားထိန်းသိမ်းတတ်မှု စသည့် အရည်အချင်းများသည် အဓိကကျသည်။ ထို့ပြင် ဘက်စုံထူးချွန်ပြီး စွမ်းဆောင်ရည်ပြည့်ဝသည့် နိုင်ငံသားများ၏ စွမ်းပကားနှင့် ခေတ်မီ နိုင်ငံတော်သစ်ကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် စက်မှုလက်မှု၊ ကုန်ထုတ်လုပ်မှုကဏ္ဍများ တိုးမြှင့်နိုင်ရေးအတွက် အရည်အသွေးပြည့်ဝသည့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေး အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်ကစပြီး ဖွင့်လှစ်ပေးခဲ့သည်။

၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ဩဂုတ် ၃၁ ရက်နံနက်ပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Academy ၊ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားရာတွင် ထူးချွန်ကျောင်းသား၊ ကျောင်းသူများကို အလေးအနက်ထားမှာကြားလိုသည်မှာ မိမိတို့နိုင်ငံ၏ ရေမြေတောတောင်သဘာဝ ပထဝီဝင်နှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ သမိုင်းကြောင်းနှင့် လက်ရှိအခြေအနေများကို သေသေချာချာသိရှိအောင် လေ့လာစေလိုကြောင်း၊ မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို သိရှိလိုက်နာပြီး မှန်ကန်သည့်လုပ်ရပ်များနှင့် နိုင်ငံကို အကျိုးပြုနိုင်အောင် ကြိုးစားကြစေလိုကြောင်း၊ အချင်းချင်း အပြန်အလှန်လေးစားမှုရှိပြီး မတူကွဲပြားမှုများကို အမျိုးသားရေးစွမ်းအားအဖြစ် ရှုမြင်သုံးသပ်နိုင်သည့် စိတ်ထားရှိအောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံကို ဦးဆောင်ကြမည့်သူများဖြစ်သဖြင့် ပြောဆိုလုပ်ကိုင်မှုမှန်သမျှတွင် သေသေချာချာ စဉ်းစားသုံးသပ်ပြီး နိုင်ငံ့အကျိုးစီးပွားအတွက် အကျိုးဖြစ်ထွန်းစေမည့်အရာများကို ဖော်ဆောင်ကြရန်နှင့် ထိခိုက်စေမည့်အရာများကို ရှောင်ကြဉ်ကြရန် မှာကြားလိုကြောင်း၊ ထိုကဲ့သို့ အခြေခံသဘောတရားများကို သိရှိနားလည်ရန်၊ စဉ်းစားဆင်ခြင် သုံးသပ်နိုင်ရန်အတွက် အဓိကအနေဖြင့် အသိပညာဗဟုသုတ ပြည့်စုံရန်လိုကြောင်း၊ အသိပညာမရှိပါက မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်စွမ်းမဲ့ပြီး လွဲမှားသည့် အယူအဆများနှင့် မိမိကိုသာမက ပတ်ဝန်းကျင်ကိုပါ အကျိုးယုတ်ပျက်စီးစေနိုင်ကြောင်း၊ ထို့ကြောင့် အသိဉာဏ်ပညာပြည့်ဝပြီး အကျင့်စာရိတ္တကောင်းမွန်ရန် စာများများဖတ်သည့် အလေ့အကျင့်ကို မွေးမြူကြရန်နှင့် သုတ၊ ရသ စာပေအမျိုးမျိုးကို လေ့လာဖတ်ရှုကြရန်၊ စိတ်ထဲတွင် စွဲမြဲအောင်မှတ်သားပြီး ဘဝအတွက် ကျင့်သုံးလိုက်နာသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အသိဉာဏ်ပညာပြည့်ဝပြီး အကျင့်စာရိတ္တကောင်းမွန်ရန် စာများများဖတ်သည့် အလေ့အကျင့်ကို မွေးမြူရမည်ဖြစ်သည်။ ခေတ်မီပညာရပ်များကိုလည်း လက်လှမ်းမီရာဖွေနိုင်ရန် လူမှုကွန်ရက်နှင့် အင်တာနက်များကို မှန်မှန်ကန်ကန်၊ အကျိုးရှိရှိ အသုံးချရန်လိုအပ်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## မိုဘိုင်းရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ ငှားရမ်းပေး

**မန္တလေး စက်တင်ဘာ ၁**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်(၂၅) အခြေခံပညာအထက်တန်းကျောင်းခွဲရှိ ကျောင်းသား၊ ကျောင်းသူများအား အသိပညာဗဟုသုတများ တိုးပွားလာစေရန်၊ စာပေဖတ်ရှုခြင်းဖြင့် စာပေ၏ အကျိုးကျေးဇူးများရရှိစေရန်၊ ဗလငါးတန်နှင့်ပြည့်စုံသည့် ကျောင်းသား၊ ကျောင်းသူများ ဖြစ်လာစေရန် ရည်ရွယ်၍ ယနေ့ နံနက် ၁၀ နာရီခွဲက မိုဘိုင်းရွှေ့လျား စာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊စာစောင်များအား အခမဲ့ငှားရမ်းပေးခဲ့သည်။

အဆိုပါ စာအုပ်၊စာစောင်များ ငှားရမ်းပေးရာတွင် ယင်းရွှေ့လျားစာကြည့်တိုက်ယာဉ်၌ သုတ၊ ရသ စာအုပ်ပေါင်း နှစ်ထောင်ကျော်ရှိပြီး နှစ်ပတ်လျှင်တစ်ကြိမ် အခမဲ့ လဲလှယ် ပေးသွားမည်ဖြစ်ကာ မန္တလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား လေ့လာဖတ်ရှုစေခဲ့ပြီး အခမဲ့ငှားရမ်းပေးခဲ့သည်။

ယင်းစာအုပ်၊စာစောင်များကို ငှားရမ်းဖတ်ရှုလိုပါက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် အခမဲ့ လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

**အောင်ဖြိုးစင်(ခရိုင်၊ ပြန်/ဆက်)**

၀-၀-၀-၀-၀

## မန္တလေးတိုင်းဒေသကြီးအဆင့် အဆို၊အက၊အရေး၊အတီးပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များအား အောင်နိုင်ရေးအလံနှင့် ထောက်ပံ့ငွေများပေးအပ်

**မိတ္ထီလာ စက်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး အဆင့် (၂၇)ကြိမ်မြောက် အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မိတ္ထီလာခရိုင်ကိုယ်စားပြု ပြိုင်ပွဲဝင်များထံသို့ အောင်နိုင်ရေးအလံနှင့် ထောက်ပံ့ငွေများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အဆိုပါပေးအပ်ပွဲအခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးက မန္တလေးတိုင်းဒေသကြီးအဆင့် (၂၇) ကြိမ်မြောက် အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲတွင် ဆုရရှိရန်အတွက် ရိုးရိုးသားသား ကြိုးကြိုးစားစားဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြရန် ပြောကြားသည်။

ထို့နောက် မိတ္ထီလာခရိုင်ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည့် အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဝင်များထံသို့ အောင်နိုင်ရေးအလံနှင့် ထောက်ပံ့ငွေများကို ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၅၃)

၀-၀-၀-၀-၀-၀

၀-၀-၀-၀-၀

## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး ဆောင်ရွက်

**ပွင့်ဖြူ စက်တင်ဘာ ၁**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် ဈေးရောင်း၊ဈေးဝယ်များအား ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းကို ယမန်နေ့က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ပူးပေါင်းအဖွဲ့က မြို့မဈေးသို့သွားရောက်၍ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက ဈေးကော်မတီဝင်များနှင့်အတူ ပွင့်ဖြူမြို့မဈေးရှိ ဈေးသူ၊ဈေးသားများအား တွေ့ဆုံ၍ ဈေးရောင်း၊ဈေးဝယ်ရာတွင် သဘာဝပတ်ဝန်းကျင်ကို ဆိုးကျိုးဖြစ်စေသော ပလတ်စတစ်အိတ်များနှင့် ပလတ်စတစ်ပစ္စည်းများကို သုံးစွဲခြင်းမပြုကြရန်၊ ဈေးဝယ်ရန် လာရောက်သည့်အခါတွင် မိမိတို့နေအိမ်မှ ထည့်စရာတစ်ခုခုကို တစ်ပါတည်း ယူဆောင်လာကြရန်၊ ဈေးသူ၊ဈေးသားများအနေဖြင့် ဈေးရောင်းပြီးချိန်တိုင်း သန့်ရှင်းရေး စနစ်တကျ ဆောင်ရွက်ကြရန် အသိပညာပေး ဆွေးနွေးပြောကြားသည်။

ထို့နောက် ပူးပေါင်းအဖွဲ့က မြို့နယ်အတွင်း ပလတ်စတစ်သုံးစွဲမှု လျှော့ချနိုင်ရေးအတွက် မြို့မဈေးအတွင်း၊ အပြင်ရှိ ဈေးရောင်း၊ဈေးဝယ်သူများကို အသိပညာပေးလက်ကမ်းစာစောင်များ၊ အင်ဖက်၊ ငှက်ပျောဖက်၊ ကြာဖက်၊ စက္ကူများကို လိုက်လံဝေငှပေးခဲ့ကြောင်း သိရသည်။

(၄၄၅)

## ၂၀၂၅-၂၀၂၆ ပညာသင်နှစ် Year-End Student Activity Showcase အခမ်းအနားကျင်းပ

**ပုသိမ်ကြီး စက်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး၊ မြို့နယ်ရှိ သမဝါယမကောလိပ် အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီး (မန္တလေး)၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် Year-End Student Activity Showcase အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါကောလိပ်ရှိ ရန်ကင်းခန်းမ၌ ကျင်းပရာ သမဝါယမကောလိပ်(မန္တလေး) ကျောင်းအုပ်ကြီး၊ တိုင်းဒေသကြီးသမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ၊ မြို့နယ်သမဝါယမဦးစီးဌာနများမှ မြို့နယ်ဦးစီးအရာရှိများ၊ မြို့နယ်များမှ သမဝါယမအသင်းစု ဥက္ကဋ္ဌများ၊ သမဝါယမကောလိပ် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။



ဦးစွာ သမဝါယမကောလိပ် (မန္တလေး) ကျောင်းအုပ်ကြီး ဒေါက်တာ တင်မူအေးက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ ဦးထွန်းလှိုင်က သမဝါယမအသင်း လုပ်ငန်းစဉ်များ အကြောင်းကို ရှင်းလင်းမိတ်ဆက်ပြောကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ကပြဖျော်ဖြေခဲ့ပြီး တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်မှ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို ခင်းကျင်းပြသ ရောင်းချခဲ့သည်။

ဆက်လက်၍ တန်းခွဲခုနစ်ခုမှ ကျောင်းသားများ၏ presentation ပြုလုပ်၍ ကုန်ထုတ်အသင်း၊ ကုန်သွယ်အသင်းတို့၏ presentation ပြုလုပ်ကာ၊ presentation နှင့် ပတ်သက်၍ အထွေထွေဆွေးနွေးခဲ့ပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (၀၉၅)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

☆ ရှေ့ဖုံးမှ

စီးပွားရေးဇုန် တည်ဆောက်ရေး၊ စွမ်းအင်၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ခရီးသွားကဏ္ဍတိုးမြှင့်အကောင်အထည် ဖော်ဆောင်ရေးနှင့် ဗလာဒီဗော့စတော့မြို့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်လှစ်နိုင်ရေး ဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတ ဦးညိုစောသည် ရုရှားသမ္မတ၏ အကြံပေးနှင့် ဖိုရမ်ကျင်းပရေးကော်မတီ အမှုဆောင်အတွင်းရေးမှူး မစ္စတာ အန်တွန်ကိုဗျာကော့ဗ်၊ ရော့စ်ကွန်ဂရက်စ် ငွေကြေးရန်ပုံငွေ အဖွဲ့ညွှန်ကြားရေးမှူး မစ္စတာ အလက်ဇန်းဒါး ရှတီရော့ဗ်တို့နှင့် ဗလာဒီဗော့စတော့မြို့၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲများသို့ ဒုတိယသမ္မတနှင့်အတူ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင်၊ မြန်မာသံအမတ်ကြီး ဦးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ်(မကွေး) မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ တင်ဆန်း ကို ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## စဉ့်ကူးမြို့နယ်၌ ဒုတိယအကြိမ် ငှက်ပျောပင်စိုက်ပျိုးပွဲ ကျင်းပ



**စဉ့်ကူး စက်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်အတွင်း အခြေခံပညာကျောင်းများရှိ မူလတန်းကျောင်းသား၊ ကျောင်းသူများ ခန္ဓာကိုယ်နှင့် ဉာဏ်ရည်ဖွံ့ဖြိုးစေရေး အထောက်အကူပြုအာဟာရဖြည့်စွက်စာ ငှက်ပျောသီးကျွေးမွေးနိုင်ရန်အတွက် ဒုတိယအကြိမ် ငှက်ပျောပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက် ၈ နာရီက စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးကျေးရွာအုပ်စု၊ ပျဉ်းပင်ကျေးရွာရှိ အ.မ.က(ပျဉ်းပင်)တွင် ကျင်းပခဲ့သည်။

အဆိုပါ ငှက်ပျောပင်စိုက်ပျိုးပွဲသို့ စဉ့်ကူးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ရဲမှူးထွန်းထွန်းနိုင်နှင့် အဖွဲ့ဝင်များ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲနိုင်ထွန်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း အင်အား ၁၅၀ ဦး တက်ရောက်ခဲ့ပြီး ငှက်ပျောပင် စုစုပေါင်း အပင် ၃၄၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

တင်စာလွင်(ပြန်/ဆက်)

## စားအုန်းဆီများအား သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချပေးလျက်ရှိ

**ကျောက်ဆည် စက်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ ပြည်သူများ စားသုံးဆီ ဝယ်ယူသုံးစွဲရာ၌ အထောက်အပံ့ရရှိစေရန်အတွက် စားအုန်းဆီတင်သွင်းသော သတ်မှတ်အရည်အသွေးပြည့်ဝသည့် Resources Group Trading Co.,Ltd. မှ စားအုန်းဆီများကိုဝယ်ယူပြီး အိမ်ထောင်စုတစ်စုလျှင် ဆီဝယ်ယူခွင့်စာအုပ်များ ပြုလုပ်ပေး၍ တစ်ကြိမ်ရောင်းချလျှင် ၂ ဒသမ ၅၀ ပိဿာနှုန်းဖြင့် အပတ်စဉ် ပြည်သူများအား အလှည့်ကျရောင်းချပေးလျက်ရှိပြီး ယမန်နေ့က စားအုန်းဆီ ၈၂၅ ပိဿာအား သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချပေးခဲ့သည်။ (အောက်ပုံ)

ထိုသို့ ရောင်းချရာ၌ ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းဝင် ဆီအရောင်းဆိုင်များဖြစ်သည့် ဒေါ်သဇင်အောင် (နေလသုခ-၂) စားအုန်းဆီအရောင်းဆိုင်မှ ဖောင်ရွာရပ်ကွက်ပြည်သူများအား စားအုန်းဆီ ၂၇၅ ပိဿာ၊ ဒေါ်သီတာ(စစ်ငြိမ်း) စားအုန်းဆီအရောင်းဆိုင်မှ စိုင်မလန်၊ တောင်နောက်ကျေးရွာပြည်သူများအား ပိဿာ ၁၁၀၊ ဦးနန်းဦး (နဒီဇရော) စားအုန်းဆီအရောင်းဆိုင်မှ ရဲစုရပ်ကွက်ပြည်သူများအား ပိဿာ ၄၄၀ စုစုပေါင်း စားအုန်းဆီ ၈၂၅ ပိဿာ ရောင်းချပေးခဲ့ပြီး ကျန်ရှိနေသည့်ရပ်ကွက်၊ ကျေးရွာပြည်သူများအား အလှည့်ကျ ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ သိရသည်။

စုစုအေး(ကျောက်ဆည်)



✪ ပေါင်းလောင်းမှ

စစ်တောင်းမြစ် တစ်လျှောက်တွင် ထူးကဲသည့် မိုးသည်းထန်စွာရွာသွန်းမှု မရှိပါက ရေကြီးရေလျှံမှုဖြစ်ပေါ်ရန်မရှိကြောင်း သိရသည်။

ထို့ပြင် ရေလှောင်တမံသည် မူလကန်ရေပြည့် ရေလှောင်ပမာဏ ၅ ဒသမ ၄၉ သိန်း ဧကပေရှိပြီး ရေပိုလွှဲတွင် ဟိုက်ဒရောလစ် ရေမြှင့်ရေတံခါး Hydraulic Elevator Dam (HED) တံခါး ရွက် ၂၀ တပ်ဆင်၍ ရေလှောင်ပမာဏ ဧကပေ ၂၁၀၀၀ ခန့် ပိုမိုသိုလှောင်နိုင်ခြင်းကြောင့် နှစ်စဉ်ရေအားလျှပ်စစ် ယူနစ်ရှစ်သန်းပိုမိုထုတ်လုပ်ကာ စုစုပေါင်း ရေအားလျှပ်စစ်ယူနစ် ၉၁၉ သန်း ထုတ်လုပ်လျက်ရှိသည်။

ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် အောက်ပေါင်းလောင်းရေလှောင်တမံသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် သွားရောက်၍ တမံအတွင်းရေဝင်ရောက်မှု၊ တမံကြံ့ခိုင်မှုနှင့် ရေပိုလွှဲမှ ရေကျော်စီးဆင်းမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား တမံလုံခြုံရေးနှင့် တမံဘေးကင်းလုံခြုံမှု အချက်ပြအလံလွှင့်ထူမှုစနစ်ဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

အောက်ပေါင်းလောင်း ရေလှောင်တမံအနေဖြင့် တည်ဆောက်အသုံးပြုခဲ့သည့် ၂၁ နှစ်တာကာလအတွင်း ရေပိုလွှဲမှ (၁၈)ကြိမ် ရေကျော်စီးဆင်းခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ရာဂီမုန်တိုင်းအရှိန်ကြောင့် ရေပိုလွှဲမှ အမြင့် ၁၁ ပေကျော်အထိ ရေကျော်စီးဆင်းခဲ့ပြီး ဒေသတွင်း ရေကြီးရေလျှံမှုကြုံတွေ့ခဲ့ရသော်လည်း လက်ရှိအခြေအနေအရ ဒေသ၏ ဘေးကင်းလုံခြုံမှုနှင့် ရေကြီးရေလျှံမှုအတွက် စိုးရိမ်ဖွယ်မရှိကြောင်းနှင့် ရေသိုလှောင်ပမာဏများပြားသော တမံများ၏ အခြေအနေကို သက်ဆိုင်ရာဒေသအသီးသီးရှိ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများက လူမှုမီဒီယာများမှ အချိန်နှင့်တစ်ပြေးညီ အသိပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) သင်တန်းသား၊ သင်တန်းသူများအား ကြံ့ခိုင်စွမ်းရည်စစ်ဆေး

**မန္တလေး စက်တင်ဘာ ၁**

အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)တွင် သင်တန်းသား၊ သင်တန်းသူများအား နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် သက်လုံကောင်းစွာ အရည်အချင်းပြည့် ယှဉ်ပြိုင်ကစားနိုင်ရန် ရည်ရွယ်၍ လစဉ် ကြံ့ခိုင်စွမ်းရည်စစ်ဆေးခြင်းကို ဆောင်ရွက်လျက်ရှိရာ (၈/၂၀၂၆) ကြံ့ခိုင်စွမ်းရည်စစ်ဆေးခြင်းကို ဩဂုတ် ၃၁ ရက် နံနက် ၆ နာရီက ချမ်းမြသာစည်မြို့နယ်၊ ၇၃လမ်းရှိ မန္တလာသီရိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းတွင် ပြုလုပ်ခဲ့သည်။

သင်တန်းသား၊ သင်တန်းသူများ ကြံ့ခိုင်စွမ်းရည်စစ်ဆေးရာသို့ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး) ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုခဲ့ကြသည်။

အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)မှ သင်တန်းသား၊ သင်တန်းသူများသည် သက်တမ်းအလိုက် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ဆုတံဆိပ်များ ရရှိကာ နိုင်ငံ့ဂုဏ်ဆောင်လျက်ရှိကြောင်း သိရသည်။

(၀၄၅)

## အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၃-၉-၂၀၂၆ နံနက် ၀၁:၁၅နာရီ | မီဝေါလ် - ဝက်ရဟမ်း | မီဝေါလ် ၀-၂ ဝက်ရဟမ်း<br>ဝက်ရဟမ်း ၀-၂ မီဝေါလ် |
| " | ဝက်စ်ဘရွန်း - ချာလ်တန် | ဝက်စ်ဘရွန်း ၁-၁ ချာလ်တန်<br>ချာလ်တန် ၁-၀ ဝက်စ်ဘရွန်း |
| ၃-၉-၂၀၂၆ နံနက် ၀၁:၃၀ နာရီ | ဘန်လေ - မစ်ဒယ်ဘရော့ | ဘန်လေ ၁-၁ မစ်ဒယ်ဘရော့<br>မစ်ဒယ်ဘရော့ ၀-၀ ဘန်လေ |

# (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်ချီးမြှင့်

နေပြည်တော် စက်တင်ဘာ ၁

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များ မတိမ်ကောပ၊ မပပျောက်စေရန်နှင့် မျိုးချစ်စိတ်၊ ဓာတိသွေး၊ဓာတိမာန်များ ရှင်သန်ထက်မြက်စေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်၍ အကောင်းဆုံး တံခွန်စိုက်ဆုကို ပေးအပ်ချီးမြှင့်သည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး အကောင်းဆုံး တံခွန်စိုက်ဒိုင်းဆုရရှိသည့် အမှတ်(၂)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ပြဇာတ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ မိုက်နောင်တ စင်တင်ပြဇာတ်အဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး ဒေါ်နန်းကူးကူ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ရေ၊လေ)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အကဲဖြတ်ဝါရင့်အနုပညာရှင်၊ အတတ်ပညာရှင်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီးများ တက်ရောက်ကြသည်။

အခမ်းအနား အစီအစဉ်အရ ဆုချီးမြှင့်ပွဲ ပထမပိုင်းကိုပြုလုပ်ရာ ဦးစွာ မျက်လှည့်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၃)နယ်လှည့် ပြည်သူ့ဆက်ဆံရေး တပ်ခွဲမှ တပ်ကြပ်ကြီး ဇော်မင်းထွန်းနှင့်အဖွဲ့၊ ခေတ်ပေါ်တီးဝိုင်းပြိုင်ပွဲ (အဖွဲ့လိုက်)တွင် ပထမဆုရရှိသည့် အမှတ်(၄)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဒုတိယ အရာခံဗိုလ် အောင်ဇော်နှင့်အဖွဲ့၊ မြန်မာ့ဆိုင်းဝိုင်း(အဖွဲ့လိုက်) အတီးပြိုင်ပွဲတွင် ပထမဆုရရှိသည့်အမှတ် (၁) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ အရာခံဗိုလ် တင့်ဆန်းနှင့်အဖွဲ့တို့အား စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်းက ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု(နန်းတွင်း) ယိမ်းအကပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၂)တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေး တပ်မှ ဒုတိယ အရာခံဗိုလ် (အစားခန့်) ဒေါ်သန္တာလင်း ဦးဆောင်သော တေဇဂုဏ်အဖွဲ့၊ မြန်မာ့ရိုးရာယဉ်ကျေးမှု (စိတ်ကြိုက်) ယိမ်းအကပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၂)တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေး တပ်မှ ဒုတိယ အရာခံဗိုလ် (အစားခန့်) ဒေါ်သန္တာလင်း ဦးဆောင်သော လယ်တောသူယိမ်းအဖွဲ့နှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု (တိုင်းရင်းသားရိုးရာ)ယိမ်းအကပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်မှ တပ်ကြပ်ကြီး/ စာရေး ကျော့ယမင်း ဦးဆောင်သော ညီညာစေ တိုင်းရင်းသားယိမ်းအဖွဲ့တို့အား ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကိုကိုဦးက ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အငြိမ့်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၄) နယ်လှည့် ပြည်သူ့ဆက်ဆံရေး တပ်ခွဲမှ ရွှေပြည်တန်အငြိမ့်အဖွဲ့နှင့် ပြဇာတ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁) နယ်လှည့်ပြည်သူ့ဆက်ဆံရေး တပ်ခွဲမှ မိုက်နောင်တ စင်တင်ပြဇာတ်အဖွဲ့တို့အား ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ (၁၉)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲတွင် အကောင်းဆုံးတံခွန်စိုက်ဒိုင်းဆုရရှိသည့် အမှတ်(၂) နယ်လှည့် ပြည်သူ့ဆက်ဆံရေး တပ်ခွဲအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာ့ဆိုင်းဝိုင်း (အဖွဲ့လိုက်) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁) တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ အောင်ပါစေ ဒေ့ါခံတီးလုံးဖြင့် တီးခတ်ဖျော်ဖြေခြင်း၊ ခေတ်ဟောင်းတေး (အမျိုးသား) အဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ တပ်ကြပ်ကြီး ဒေးမင်းထွန်းက လူချွန်လူကောင်း တေးသီချင်း၊ ကာလပေါ်တေး (အမျိုးသမီး) အဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁) တပ်မတော် အသံလွှင့်တပ်မှ တပ်ကြပ်ကြီး (အစားခန့်) ဒေါ်ကြည်စင်သန့်က တောင်တန်းပြာနဲ့ကျောပိုးအိတ် တေးသီချင်း၊ ခေတ်ပေါ်တေး(အမျိုးသမီး) အဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေး တပ်မှ ဗိုလ်ကြီး ဒေါ်မေအိန္ဒြေသန့်က ရှူးရှူးမိုက်မိုက်အချစ် တေးသီချင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု (နန်းတွင်းယိမ်း)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေး တပ်မှ တေဇဂုဏ် နန်းတွင်းယိမ်း အကများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု (စိတ်ကြိုက်ယိမ်း) ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် အမှတ်(၁) နယ်လှည့် ပြည်သူ့ဆက်ဆံရေး တပ်ခွဲမှ လယ်တောသူကျေးလက်ယိမ်းအကများ၊ မျက်လှည့် (အဖွဲ့လိုက်)ပြိုင်ပွဲတွင် တတိယဆုရရှိသည့် အမှတ်(၂) နယ်လှည့် ပြည်သူ့ဆက်ဆံရေး တပ်ခွဲမှ စိတ်ဝင်စားစရာ အကောင်းဆုံး မျက်လှည့်ပြကွက်များ၊ ခေတ်ပေါ် တီးဝိုင်း (အဖွဲ့လိုက်) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၄) နယ်လှည့် ပြည်သူ့ဆက်ဆံရေး တပ်ခွဲမှ တီးခတ်ဖျော်ဖြေခြင်း၊ အငြိမ့်(အဖွဲ့လိုက်) ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် အမှတ်(၂) တပ်မတော် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် မြဝတီအငြိမ့်အဖွဲ့က အငြိမ့်ကောက်နုတ်ချက်များဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေး တပ်မှ စစ်သည်၊ စစ်သမီးများက စည်းလုံးချစ်ကြည် ပြန်ဆုံကြမည် စုပေါင်းသီချင်းဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး ဒေါ်နီလာ၊ အခမ်းအနားတက်ရောက်လာကြသူများ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြစဉ်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများက (၁၉)ကြိမ်မြောက်တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့်မျက်လှည့်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် တပ်ရင်း/တပ်ဖွဲ့များအတွက် ချီးမြှင့်ငွေများပေးအပ်သည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အကဲဖြတ်အနုပညာရှင်ကြီးများနှင့် စစ်သည်၊ စစ်သမီးများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် ဆုချီးမြှင့်ပွဲ ဒုတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ အကဲဖြတ်ဝါရင့်အနုပညာရှင်၊ အတတ်ပညာရှင်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီးများ တက်ရောက်ကြသည်။

ဦးစွာ ဆုချီးမြှင့်ခြင်းကို ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားများအလိုက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု ရရှိကြသည့် **စာမျက်နှာ ၅ သို့ ★**

★ စာမျက်နှာ ၄ မှ

စစ်သည်၊ စစ်သမီးများအား ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အကဲဖြတ်ပညာရှင်များကိုယ်စား အကြံပေးပညာရှင် ဦးသက်ဆွေက ပြိုင်ပွဲအပေါ် သုံးသပ်ချက်များကို ဆွေးနွေးတင်ပြသည်။ ထို့နောက် ညွှန်ကြားရေးမှူးက ပြိုင်ပွဲကျင်းပခဲ့မှုနှင့် ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေးမှာကြားပြီး အကဲဖြတ်ပညာရှင်ကြီးများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲများကို မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များ မတိမ်ကော၊ မပပျောက်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန်၊ အနုသုခုမပညာရပ်များမှတစ်ဆင့် နိုင်ငံသားတိုင်း၏ နှလုံးသား၌ ဇာတိသွေး၊ ဇာတိမာန်များ အရင်းခံသည့် မျိုးချစ်စိတ်များ ပွင့်လန်းရှင်သန်စေရန်နှင့် မိမိတို့တပ်ဖွဲ့များ၏ အနုပညာအရည်အသွေးများ မှန်မှန်ကန်ကန် တိုးတက် ဖြစ်ထွန်းလာအောင် ဝါရင့်၊ သမ္မာရင့် အနုပညာရှင်၊ အတတ်ပညာရှင်ကြီးများ ထံမှ စစ်မှန်သည့် အနုပညာအမွေအနှစ်များကို မျိုးဆက်သစ်ပညာရှင်များ လက်ဆင့်ကမ်း ထိန်းသိမ်းနိုင်စေရန်ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီအနုပညာရှင်အဖွဲ့များနှင့် နယ်လှည့်ပြည်သူ့ဆက်ဆံရေး တပ်ခွဲများမှ စစ်သည်၊ စစ်သမီးများဖြင့် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ်ပြိုင်ပွဲတွင် ခေတ်ဟောင်းတေး၊ ကာလပေါ်တေး၊ ခေတ်ပေါ်တေး၊ အငြိမ့်ပြိုင်ပွဲ၊ အကပြိုင်ပွဲ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု (စိတ်ကြိုက်)ယိမ်းအက၊ နှစ်ပါးသွားအက၊ ပြဇာတ်ပြိုင်ပွဲ၊ မြန်မာ့ဆိုင်းဝိုင်းပြိုင်ပွဲ၊ ခေတ်ပေါ်တီးဝိုင်း၊ မျက်လှည့်ပြိုင်ပွဲနှင့် တေးသီချင်း အရေးပြိုင်ပွဲ စုစုပေါင်းပြိုင်ပွဲအမျိုးအစား ၂၁ မျိုး ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် စက်တင်ဘာ ၁

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များအား မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ဥတ္တရသီရိမြို့နယ် တပ်ကုန်းမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် စိတ်အားထက်သန်စွာဖြင့် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။



ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးပြခန်းများကို လှည့်လည်ကြည့်ရှုကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြသည်။ ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများကိုပါ လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့အပြင် ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## 2026 Kia Open အမျိုးသမီးတင်းနစ်ပြိုင်ပွဲ စက်တင်ဘာ ၇ ရက်တွင် စတင်မည်



**လန်ဒန် စက်တင်ဘာ ၁**

ကိုရီးယားနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Kia Open တင်းနစ်ပြိုင်ပွဲကို လာမည့် စက်တင်ဘာ ၇ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 Kia Open တင်းနစ်ပြိုင်ပွဲကို စက်တင်ဘာ ၇ရက်မှ ၁၄ ရက်အထိ ၈ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Kia Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

Kia Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ အာဂျင်တီးနားတင်းနစ်မယ် Nadia Podoroska ဖြစ်သည်။

(ဝဲပုံ)

(NGB)

၀-၀-၀

## ဆာဂျီယိုမာတီနက်ဇ်ကို ရီးရဲလ်မက်ဒရစ်အသင်း ခေါ်ယူ

**မက်ဒရစ် စက်တင်ဘာ ၁**

ရီးရဲလ်မက်ဒရစ်အသင်းသည် ရေးဆင်းအသင်း ကွင်းလယ်ကစားသမား ဆာဂျီယိုမာတီနက်ဇ်ကို ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၁၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၃၀ ပြည့်နှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

ကွင်းလယ်ကစားသမား ဆာဂျီယိုမာတီနက်ဇ်သည် ရေးဆင်းအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၁၃ပွဲ ကစားပြီး ခြေစွမ်းပြနိုင်ခဲ့ပြီး အနာဂတ်တွင်ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား ရှစ်ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

(အောက်ပုံ) (NGB)




## မန်စီးတီးအသင်းအတွက် အစွမ်းကုန် ကြိုးစားသွားမည်ဟု အယ်လန် ပြောကြား

**လန်ဒန် စက်တင်ဘာ ၁**

တောင်ပံကစားသမားသစ် အယ်လန်က မိမိအနေဖြင့် မန်စီးတီးအသင်းအတွက် အစွမ်းကုန် ကြိုးစားသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် လက်ရှိဈေးကွက်အတွင်း၌ ပါးလ်မီးရပ်စ်အသင်း မှ မန်စီးတီးအသင်းသို့ ယူရို ၃၇ ဒသမ ၅သန်းဖြင့် ငါးနှစ်စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။



တောင်ပံကစားသမား အယ်လန်သည် ပါးလ်မီးရပ်စ်အသင်းနှင့်အတူ ၂၀၂၅မှ ၂၀၂၆ခုနှစ်အထိ ပြိုင်ပွဲစုံ ၉၆ပွဲကစားပြီး ကိုးဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်စီးတီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ အယ်လန်က 'မန်စီးတီးအသင်းအတွက် တတ်စွမ်းသမျှ အစွမ်းကုန်ကြိုးစားသွားမှာပါ။ ဒီအသင်းနဲ့ ဆုဖလားများစွာလည်း ကိုင်မြှောက်သွားမှာပါ။ ပြီးတော့ ပရီးမီးယားလိဂ်မှာ ကစားချင်တဲ့ ကျွန်တော့်ရဲ့ အိပ်မက်တွေ ပြီးပြည့်စုံခဲ့ပါပြီ'ဟု ပြောသည်။

(ဝဲပုံ) (NGB)




## ဘာစီလိုနာအသင်းက ဗယ်လက်ကာနိအသင်းကို ငါးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ

**ဘာစီလိုနာ စက်တင်ဘာ ၁**

စပိန်လာလီဂါပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဘာစီလိုနာအသင်းနှင့် ဗယ်လက်ကာနိအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘာစီလိုနာအသင်းက ဗယ်လက်ကာနိအသင်းကို ငါးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဘာစီလိုနာအသင်းအတွက် သွင်းဂိုး ငါးဂိုးကို ပွဲချိန် ၁၉ မိနစ်နှင့် ၇၁မိနစ်တွင် ရာဖင်ဟာ၊ ပွဲချိန် ၂၁ မိနစ်နှင့် မိနစ် ၉၀ တွင် ယာမဲလ်၊ ပွဲချိန် ၅၁ မိနစ်တွင် လီဗျန်းတို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

ဘာစီလိုနာအသင်းသည် စပိန်လာလီဂါပွဲစဉ်အဖြစ် လာမည့် စက်တင်ဘာ ၆ ရက်တွင် ဗလင်စီယာအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

(အပေါ်ပုံ)

(NGB)

## ဂျက်ကော့မာဖီကို ခေါ်ယူရန် နော်တင်ဟမ်ဖောရက်စ်အသင်း စီစဉ်

**လန်ဒန် စက်တင်ဘာ ၁**

နော်တင်ဟမ်ဖောရက်စ်အသင်းသည် နယူးကာဆယ်အသင်း တောင်ပံကစားသမား ဂျက်ကော့မာဖီကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၁)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် နယူးကာဆယ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၆ ပွဲကစားပြီး လေးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နော်တင်ဟမ်ဖောရက်စ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

နယူးကာဆယ်အသင်းကလည်း ဂျက်ကော့မာဖီအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်း ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် နော်တင်ဟမ်ဖောရက်စ်အသင်းအနေဖြင့် နယူးကာဆယ်အသင်းမှ ဂျက်ကော့မာဖီကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)

၀-၀-၀-၀

# အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**
**အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်
အကာအကွယ်ပေးရေးဥပဒေကြမ်း
(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် --------)
၁၃၈၈ ခုနှစ်၊ လ ရက်
(၂၀၂၆ ခုနှစ်၊ လ ရက်)
ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ** ဆိုသည်မှာ အသေးစားစီးပွားရေးလုပ်ငန်း၊ အငယ်စားစီးပွားရေးလုပ်ငန်းနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ဆိုသည်။

(ခ) **စီးပွားရေးလုပ်ငန်း** ဆိုသည်မှာ အမြတ်အစွန်းရရှိရန်အလို့ငှာ လုပ်ကိုင်ဆောင်ရွက်သည့် နိုင်ငံသားပိုင်ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်မှု သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းကို ဆိုသည်။

(ဂ) **အသေးစားစီးပွားရေးလုပ်ငန်း** ဆိုသည်မှာ အမြဲတမ်းလုပ်သားဦးရေ ၁၀ ဦးထက်မပိုသော သို့မဟုတ် နှစ်တစ်နှစ်ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ ကျပ်သန်း ၁၀၀ ထက်မပိုသော စီးပွားရေးလုပ်ငန်းကို ဆိုသည်။

(ဃ) **အငယ်စားစီးပွားရေးလုပ်ငန်း** ဆိုသည်မှာ အမြဲတမ်းလုပ်သားဦးရေ အနည်းဆုံး ၁၁ ဦးမှ ၅၀ ဦးထက်မပိုသော သို့မဟုတ် နှစ်တစ်နှစ်ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ ကျပ်သန်း ၁၀၀ အထက်မှ ကျပ်သန်း ၅၀၀ ထက်မပိုသော စီးပွားရေးလုပ်ငန်းကို ဆိုသည်။

(င) **အလတ်စားစီးပွားရေးလုပ်ငန်း** ဆိုသည်မှာ အမြဲတမ်းလုပ်သားဦးရေ အနည်းဆုံး ၅၀ ဦး အထက်မှ ၃၀၀ ဦးထက်မပိုသော သို့မဟုတ် နှစ်တစ်နှစ် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ ကျပ်သန်း ၅၀၀ အထက်မှ ကျပ်သန်း ၁,၀၀၀ ထက်မပိုသော စီးပွားရေးလုပ်ငန်းကို ဆိုသည်။

(စ) **စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ** ဆိုသည်မှာ အသေးစားစီးပွားရေးလုပ်ငန်း သို့မဟုတ် အငယ်စားစီးပွားရေးလုပ်ငန်း သို့မဟုတ် အလတ်စားစီးပွားရေးလုပ်ငန်း တစ်မျိုးမျိုးကိုဖြစ်စေ၊ တစ်မျိုးထက်ပို၍ဖြစ်စေ လုပ်ကိုင်သည့် နိုင်ငံသားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းကို ဆိုသည်။

(ဆ) **စီးပွားရေးလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူက တည်ဆဲဥပဒေများနှင့်အညီ ဖွဲ့စည်းထားသော အကျိုးအမြတ်မယူသည့်အသင်းအဖွဲ့ကို လည်းကောင်း၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်း၊ တစ်ဆင့်ခံအဖွဲ့အစည်း သို့မဟုတ် အဖွဲ့ခွဲတစ်ခုခုကိုလည်းကောင်း ဆိုသည်။

(ဇ) **ဗဟိုကော်မတီ** ဆိုသည်မှာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို ဆိုသည်။

(ဈ) **လုပ်ငန်းကော်မတီ** ဆိုသည်မှာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို ဆိုသည်။

(ည) **အေဂျင်စီ** ဆိုသည်မှာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီကို ဆိုသည်။

(ဋ) **ဒေသဆိုင်ရာအေဂျင်စီ** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် ဤဥပဒေအရ ဖွဲ့စည်းထားသော ဒေသဆိုင်ရာအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီကို ဆိုသည်။

(ဌ) **တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်အဖွဲ့** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းက ဖွဲ့စည်းတာဝန်ပေးအပ်သည့်အဖွဲ့ကို ဆိုသည်။

(ဍ) **ရန်ပုံငွေ** ဆိုသည်မှာ ဤဥပဒေအရထူထောင်ထားသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို ဆိုသည်။

(ဎ) **ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့** ဆိုသည်မှာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို စီမံခန့်ခွဲသည့်အဖွဲ့ကို ဆိုသည်။

(ဏ) **ဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေပါကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်သည့် ဝန်ကြီးဌာနကို ဆိုသည်။

(တ) **သက်ဆိုင်ရာဝန်ကြီးဌာနများ** ဆိုသည်မှာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရာတွင် ဆက်စပ်ပါဝင်သော ဝန်ကြီးဌာနများကို ဆိုသည်။

(ထ) **ဦးစီးဌာန** ဆိုသည်မှာ ဝန်ကြီးဌာနက ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သီးခြားဖွဲ့စည်းထားသော ဦးစီးဌာနကို ဆိုသည်။

(ဒ) **ဘဏ်** ဆိုသည်မှာ မြန်မာနိုင်ငံတွင် ကူးသန်းရောင်းဝယ်ရေးဘဏ်လုပ်ငန်းဖြစ်စေ၊ ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းဖြစ်စေ ဆောင်ရွက်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လိုင်စင်ထုတ်ပေးထားသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။ ယင်းစကားရပ်တွင် လိုင်စင်ရရှိထားသော နိုင်ငံခြားဘဏ်လည်း ပါဝင်သည်။

(ဓ) **စွန့်ဦးတီထွင်မှု** ဆိုသည်မှာ ဈေးကွက်ဝင်ရောက်ထိုးဖောက်နိုင်ပြီး ပိုမိုအသုံးဝင်သော နည်းပညာ၊ ထုတ်ကုန်ပစ္စည်းများ၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုများကို ဆန်းသစ်တီထွင်ဖန်တီးနိုင်မှုကို ဆိုသည်။

(န) **မှတ်ပုံတင်ခွင့်ပြုခြင်း** ဆိုသည်မှာ ဤဥပဒေပါ အခွင့်အရေးများကို ရရှိခံစားနိုင်ရန် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ အေဂျင်စီက မှတ်ပုံတင်ခွင့်ပြုခြင်းကို ဆိုသည်။

(ပ) **ချေးငွေဆိုင်ရာသတင်းအချက်အလက်ဌာန** ဆိုသည်မှာ ချေးငွေဆိုင်ရာသတင်းအချက်အလက်များ သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်သူများ၏ ငွေချေးခွင့်ရထိုက်မှုကို အကဲဖြတ်သုံးသပ်ရေးဆိုင်ရာ သတင်းအချက်အလက်များ စုစည်းနိုင်ရန်နှင့် စုစည်းရရှိသည့် သတင်းအချက်အလက်များကို ငွေရေးကြေးရေးအဖွဲ့အစည်းများသို့ အသိပေးနိုင်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်ဖြင့် တည်ထောင်ထားသောဌာနကို ဆိုသည်။

(ဖ) **အစပျိုးစီးပွားရေးလုပ်ငန်း** ဆိုသည်မှာ စီးပွားရေးလုပ်ငန်း စတင်တည်ထောင်သည့်နေ့မှ သက်တမ်း ခုနစ်နှစ်အတွင်းရှိသော နည်းပညာကိုအခြေပြုသည့် သို့မဟုတ် ဆန်းသစ်တီထွင်ဖန်တီးမှုကို အခြေပြုသည့် စီးပွားရေးလုပ်ငန်းများကို ဆိုသည်။

(ဗ) **အွန်လိုင်းကုန်သွယ်မှုစနစ်** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုကို ရယူဆောင်ရွက်လိုသည့် စားသုံးသူများထံသို့ အင်တာနက်ကွန်ရက်၊ ဒီဂျစ်တယ်၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာအသုံးပြု၍ ချိတ်ဆက်ရောင်းဝယ်မှုပြုခြင်းကို ဆိုသည်။

(ဘ) **အများနှင့်အကျိုးဝင်သောစီးပွားရေးလုပ်ငန်း** ဆိုသည်မှာ အများပြည်သူအတွက် အသက်မွေးဝမ်းကျောင်းမှုအခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးနိုင်သည့် ကုန်ထုတ်လုပ်ခြင်း၊ ဝန်ဆောင်မှုပေးခြင်းစသည့် စီးပွားရေးလုပ်ငန်းတစ်မျိုးမျိုးကို ဆိုသည်။

**အခန်း (၂)**
**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ၊ နည်းပညာအထောက်အကူများ၊ ငွေကြေးပံ့ပိုးမှုများနှင့် အလုပ်အကိုင်ကျွမ်းကျင်မှုများ လွယ်ကူစွာရရှိနိုင်စေရန်၊

(ခ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများသည် နိုင်ငံတကာ စံချိန်စံညွှန်းကိုက်ညီ၍ အရည်အသွေးပြည့်မီပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ လက်လှမ်းမီစေရန်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြင့်မားတိုးတက်စေရန်၊

(ဂ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းအားဖြင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းသစ်များနှင့်အတူ ဝင်ငွေတိုးတက်ရရှိလာစေရန်၊

(ဃ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းဆိုင်ရာအခက်အခဲများနှင့် အဟန့်အတားများကို လျှော့နည်းစေရန်၊

(င) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒီဂျစ်တယ်အသုံးပြုမှု၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ အသုံးပြုမှုနှင့် အွန်လိုင်းကုန်သွယ်မှုစနစ်တို့ ဖွံ့ဖြိုးတိုးတက်လာစေရေး ပံ့ပိုးကူညီရန်၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးအတွက် လိုအပ်သောအထောက်အပံ့များ၊ အစီအစဉ်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ဆောင်ရွက်နိုင်ရန်။

**အခန်း (၃)**
**အခြေခံမူများ**

၄။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်လည်းကောင်း၊ စီးပွားရေးလုပ်ငန်း၏ အခက်အခဲများကို လျှော့နည်းစေရန်လည်းကောင်း လိုအပ်သည့် အကြံဉာဏ်ပေးခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ပေးခြင်း၊ ဥပဒေအကြံဉာဏ်ပေးခြင်းနှင့် စီမံခန့်ခွဲရေးဆိုင်ရာမူဝါဒများ ချမှတ်ခြင်း၊

(ခ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များတွင်ပါ နိုင်ငံတကာစံချိန်စံညွှန်းကိုက်ညီ၍ အရည်အသွေးပြည့်မီသော ထုတ်ကုန်များ၊ ဝန်ဆောင်မှုများဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး၊ ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြင့်မားရေးဆောင်ရွက်ခြင်း၊

(ဂ) မှတ်ပုံမတင်ရသေးသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ မှတ်ပုံတင်နိုင်ရေး ဆောင်ရွက်ခြင်း၊

(ဃ) အသစ်စတည်မည့် သို့မဟုတ် လက်ရှိဆောင်ရွက်လျက်ရှိသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို သတင်းအချက်အလက်၊ နည်းပညာနှင့် ငွေကြေး အရင်းအနှီးရရှိစေရန် အထောက်အကူပေးခြင်း၊

(င) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဝန်းကျင်တို့အား ဆိုးကျိုးသက်ရောက်မှု အနည်းဆုံးဖြင့် သယံဇာတအရင်းအမြစ်များ စဉ်ဆက်မပြတ်တိုးတက်ရရှိစေရေး စီမံဆောင်ရွက်စေခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ဆန်းသစ်တီထွင်သည့် ကုန်စည်များ ထုတ်လုပ်ရေးနှင့် ဝန်ဆောင်မှုများ တိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုစွမ်းရည် တိုးတက်ရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် ဖြန့်ဝေမှုတို့တွင် ခေတ်မီနည်းပညာနှင့် အထောက်အကူပြုပစ္စည်းများကို လိုက်လျောညီထွေအသုံးပြုရေး ဆောင်ရွက်ခြင်း၊

(ဆ) အလုပ်အကိုင်အခွင့်အလမ်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးခြင်းနှင့် လုပ်ငန်းခွင်သင်တန်းဖွံ့ဖြိုးတိုးတက်လာစေရေး စီမံဆောင်ရွက်ခြင်း၊

(ဇ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို အားပေးခြင်း၊

(ဈ) အများနှင့်အကျိုးဝင်သော စီးပွားရေးလုပ်ငန်းများတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် ငွေကြေးထောက်ပံ့ခြင်း၊ လိုအပ်သောအကြံဉာဏ်များပေးခြင်းနှင့် မူဝါဒများချမှတ်ခြင်း။

စာမျက်နှာ ၇ သို့

☆ စာမျက်နှာ ၆ မှ

## အခန်း (၄)
## ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဤဥပဒေပါလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | |
|---|---|
| (၁) နိုင်ငံတော်သမ္မတ | ဥက္ကဋ္ဌ |
| (၂) ဒုတိယသမ္မတများ | ဒုတိယဥက္ကဋ္ဌများ |
| (၃) သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ | အဖွဲ့ဝင်များ |
| (၄) စီးပွားရေးဆိုင်ရာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်၊ စီးပွားရေးပညာရှင်၊ အသိပညာရှင်နှင့် အတတ်ပညာရှင်များ | အဖွဲ့ဝင်များ |
| (၅) ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး | အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းရာတွင် ပုဒ်မခွဲငယ်(၃)နှင့် ပုဒ်မခွဲငယ်(၄)တို့ပါ အဖွဲ့ဝင်များအနက် သင့်လျော်သူအား တွဲဖက်အတွင်းရေးမှူးအဖြစ် တာဝန်ပေးရမည်။

(ဂ) ဗဟိုကော်မတီကို လိုအပ်ပါက ပုဒ်မခွဲ(က)နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါအခြေခံမူများနှင့်အညီ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်စေရန် မူဝါဒများချမှတ်ခြင်းနှင့် လမ်းညွှန်ခြင်း၊

(ခ) နိုင်ငံတော်၏ စီးပွားရေးအင်အားစုများတွင် အချိုးအစားအများဆုံးပါဝင်နေသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ခြင်း၊

(ဂ) ငွေကြေးအကူအညီနှင့် နည်းပညာအကူအညီများရရှိရေးအတွက် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးရန် လမ်းညွှန်ခြင်း၊

(ဃ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းဈေးကွက်များ ကျေးလက်ဒေသအထိ ဖွံ့ဖြိုးရေးကို အားပေးမြှင့်တင်ခြင်း၊

(င) ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုစီးပွားရေးလုပ်ငန်းများအတွက် ဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်းများ ပုံမှန်ဖြစ်ထွန်းတိုးတက်လာစေရန် စီစဉ်ပေးခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ရေးကို အားပေးမြှင့်တင်ခြင်း၊

(ဆ) စွမ်းအင်ထုတ်လုပ်ခြင်းနှင့် စွမ်းအင်ကို အကျိုးရှိရှိထိရောက်စွာအသုံးချရေး နည်းပညာ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနည်းပညာများ အသုံးပြုရေးအတွက် လမ်းညွှန်ခြင်းနှင့် ပံ့ပိုးပေးခြင်း၊

(ဇ) တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်သည့်နည်းပညာနှင့် စက်ကိရိယာများ အသုံးပြုရေးအတွက် ဆက်စပ်ညှိနှိုင်းခြင်းနှင့် လမ်းညွှန်ခြင်း၊

(ဈ) စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းများ တိုးတက်ပေါ်ထွန်းလာရန် လမ်းညွှန်ခြင်းနှင့် ပံ့ပိုးပေးခြင်း၊

(ည) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အခြေခံအဆောက်အအုံများနှင့် အထောက်အကူပြုပစ္စည်းများ လုံလောက်စွာ ထောက်ပံ့ဖြည့်တင်းနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခြင်း၊

(ဋ) အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့နှင့် အခြားလိုအပ်သောအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ရန် လမ်းညွှန်ခြင်း။

## အခန်း (၅)
## လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၇။ ဗဟိုကော်မတီသည်-

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

| | |
|---|---|
| (၁) ဒုတိယသမ္မတတစ်ဦး | ဥက္ကဋ္ဌ |
| (၂) ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး | ဒုတိယဥက္ကဋ္ဌ |
| (၃) သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးများ | အဖွဲ့ဝင် |
| (၄) နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ | အဖွဲ့ဝင် |
| (၅) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှပုဂ္ဂိုလ်များ | အဖွဲ့ဝင် |
| (၆) အသင်းအဖွဲ့များမှ သင့်လျော်သော ပုဂ္ဂိုလ်များ၊ စီးပွားရေးပညာရှင်၊ အသိပညာရှင်နှင့် အတတ်ပညာရှင်များ | အဖွဲ့ဝင် |

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော အဖွဲ့ဝင်များအနက် သင့်လျော်သူများကိုအတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ရမည်။

(ဂ) လုပ်ငန်းကော်မတီကို လိုအပ်ပါက ပုဒ်မခွဲ(က)နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ အားပေးမြှင့်တင်ဆောင်ရွက်နိုင်ရန် လိုအပ်သောသတင်းအချက်အလက်များကို စုဆောင်းသုံးသပ်ပြီး ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ခ) အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများတွင်လုပ်ငန်းသဘောသဘာဝအလိုက် ကြုံတွေ့နေရသောအခက်အခဲများ၊ လိုအပ်ချက်များကျော်လွှားနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊

(ဂ) ဈေးကွက်များချဲ့ထွင်နိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပစီးပွားရေးဈေးကွက်များနှင့် ကျယ်ပြန့်စွာချိတ်ဆက်နိုင်ရန် ပံ့ပိုးကူညီဆောင်ရွက်ခြင်း၊

(ဃ) ကျွမ်းကျင်လုပ်သားများ လိုအပ်ချက်ပြည့်မီအောင် လေ့ကျင့်ပျိုးထောင်ခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊

(င) နည်းပညာလိုအပ်ချက်များအတွက် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းအသီးသီးနှင့် ချိတ်ဆက်၍ ပညာပေးမြှင့်တင်ခြင်း၊

(စ) ပြည်တွင်း၊ ပြည်ပမှ ငွေကြေးအကူအညီများ ရယူနိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရ သို့မဟုတ် ပုဂ္ဂလိကငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းများ၊ ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊

(ဆ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဘဏ်များ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် အသေးစားငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုးဆောင်ရွက်ပေးခြင်း၊

(ဇ) နည်းပညာနှင့် စီးပွားရေးဆိုင်ရာ အကြံပြုချက်များရယူရန် ပြည်တွင်း၊ ပြည်ပ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ရရှိလာသော အကြံပြုချက်များကို သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းများသို့ ဖြန့်ဖြူးခြင်း၊

(ဈ) စွန့်ဦးတီထွင်မှုကို သက်ဆိုင်ရာဥပဒေနှင့်အညီ မှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ပံ့ပိုးကူညီနိုင်ရေးဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ည) အစိုးရဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများရှိ နည်းပညာဆိုင်ရာ သုတေသနဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊

(ဋ) ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့တို့ကို ဖွဲ့စည်းပေးခြင်းနှင့် လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊

(ဌ) လုပ်ငန်းအစီရင်ခံစာများနှင့် အခြားလိုအပ်သည့် အစီရင်ခံစာများကို ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဍ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ လိုအပ်သည့်ထောက်ပံ့ခွဲဝေမှုရရှိနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဎ) ဒေသအသီးသီးရှိထုတ်လုပ်မှုကဏ္ဍများနှင့် ရောင်းဝယ်မှုကဏ္ဍများအား အချင်းချင်းချိတ်ဆက်မှုဖြစ်လာစေရန် စီမံဆောင်ရွက်ပေးခြင်း၊

(ဏ) ဗဟိုကော်မတီက အခါအားလျော်စွာပေးအပ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၆)
## အေဂျင်စီနှင့် ဒေသဆိုင်ရာအေဂျင်စီများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၉။ လုပ်ငန်းကော်မတီသည် ဗဟိုကော်မတီ၏သဘောတူညီချက်ဖြင့် ဝန်ကြီးဌာန၏ ဒုတိယဝန်ကြီးဦးဆောင်သော သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ဌာနအကြီးအမှူးများ၊ အသင်းအဖွဲ့များမှ သင့်လျော်သည့် ကိုယ်စားလှယ်များ၊ ပညာရှင်များပါဝင်သည့် အေဂျင်စီကို သတ်မှတ်ချက်နှင့်အညီ ဖွဲ့စည်းရမည်။

၁၀။ ဝန်ကြီးဌာနသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများဆောင်ရွက်ရန်နှင့် အေဂျင်စီ၏လုပ်ငန်းတာဝန်များကို တာဝန်ခံဆောင်ရွက်ရန် ဦးစီးဌာနသီးခြားဖွဲ့စည်းထားရမည်။ အဆိုပါဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်သည် အေဂျင်စီ၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည်။

၁၁။ အေဂျင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် နှစ်ပတ်လည်တိုးတက်မှုအစီရင်ခံစာကို လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ တင်သွင်းခြင်း၊

(ဂ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းသဘောသဘာဝအလိုက် ကြုံတွေ့နေရသောအခက်အခဲများ၊ လိုအပ်ချက်များကို လျော့နည်းစေရန် ပံ့ပိုးကူညီဆောင်ရွက်ခြင်း၊

(ဃ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို လိုအပ်သည့်ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် ဒေသဆိုင်ရာအေဂျင်စီရုံးခွဲများ တည်ထောင်ခြင်းနှင့် တစ်နေရာတည်းဝန်ဆောင်မှုပေးသည့်အဖွဲ့များ တည်ထောင်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သော ဥပဒေပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အကြံဉာဏ်ပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းနှင့် သင်တန်းများပေးခြင်း၊

(ဆ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ တည်ထောင်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဇ) သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ ဘဏ်များနှင့် ပူးပေါင်းလျက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ငွေကြေးထောက်ပံ့မှု တိုးမြှင့်ရရှိစေရေးအတွက် ငွေကြေးမဟုတ်သောဝန်ဆောင်မှုများကို ဆောင်ရွက်ပေးခြင်း၊

(ဈ) စွန့်ဦးတီထွင်မှုကို သက်ဆိုင်ရာဥပဒေနှင့်အညီ မှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ပံ့ပိုးကူညီနိုင်ရေး လုပ်ငန်းကော်မတီသို့ တင်ပြခြင်း၊

(ည) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းများ ပူးပေါင်း၍ စီးပွားရေးကွန်ရက်များ တည်ထောင်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊

စာမျက်နှာ ၈ သို့ ☆

☆ စာမျက်နှာ ၇ မှ

(ဋ) တီထွင်ကြံဆမှုနှင့် ဈေးကွက်ချဲ့ထွင်နိုင်ရေးကို မြှင့်တင်နိုင်ရန် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအချင်းချင်း ယှဉ်ပြိုင်ဆောင်ရွက်မှုကို တွန်းအားပေးခြင်း၊ ကုန်စည်နှင့် နည်းပညာပြပွဲများ ကျင်းပပေးခြင်း၊

(ဌ) လုပ်ငန်းကြီးများက ဈေးကွက်လက်ဝါးကြီးအုပ်ခြင်း (Monopoly) မပြုရန် ကာကွယ်ခြင်း၊

(ဍ) လုပ်ငန်းကြီးများက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဈေးကွက်အတွင်းသို့ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိစေရန် ကာကွယ်ခြင်း၊

(ဎ) အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်သော အငြင်းပွားမှုများကို အကြံပေးခြင်း၊ ညှိနှိုင်းဖြန်ဖြေပေးခြင်းနှင့် ဖြေရှင်းနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊

(ဏ) အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်သည့် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်သော အဖွဲ့အစည်းများက ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုများအပေါ် အကျိုးအမြတ်ခွဲဝေရာတွင် တစ်ဖက်သတ်ဆုံးဖြတ်ခြင်း၊ လျှို့ဝှက်သဘောတူညီချက်များဖြင့် ဈေးကွက်ကန့်သတ်ခြင်း (Collusive Agreements)နှင့် မမျှတသော စာချုပ်ပါစည်းကမ်းချက်များ (Unfair Contract Terms) အား အတင်းအကျပ် လက်ခံစေခြင်း မပြုနိုင်ရေး ကာကွယ်ခြင်း၊

(တ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းဆိုင်ရာ ဥပဒေအတိုင်ပင်ခံ အဖွဲ့အစည်းများ၊ လုပ်ငန်းထူထောင်ရေးအတိုင်ပင်ခံ ဝန်ဆောင်မှုလုပ်ငန်းများ တည်ထောင်နိုင်ရေး အတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးခြင်း၊

(ထ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် ကိန်းဂဏန်း ဆိုင်ရာ စာရင်းများကို ကောက်ယူခြင်း၊ အဆင့်ဆင့်စစ်ဆေးခြင်း၊ မှတ်တမ်းတင်ထားရှိခြင်းနှင့် အသုံးပြုခြင်း၊

(ဒ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ခွင့်ပြုနိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊ မှတ်ပုံတင်သက်တမ်း သတ်မှတ်ပေးခြင်း၊

(ဓ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေး အေဂျင်စီများ၊ စီးပွားရေးအသင်းအဖွဲ့များ၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊

(န) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုးတက်ရေးနည်းလမ်းများ ဖော်ဆောင်ရန်တို့အတွက် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းနှင့် အကြံဉာဏ်ရယူခြင်း၊

(ပ) အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းတစ်မျိုးမျိုးသည် အသေးစား စီးပွားရေးလုပ်ငန်းအမျိုးအစားမှ အငယ်စားစီးပွားရေးလုပ်ငန်း အမျိုးအစားသို့ဖြစ်စေ၊ အငယ်စားစီးပွားရေးလုပ်ငန်းအမျိုးအစားမှ အလတ်စားစီးပွားရေးလုပ်ငန်း အမျိုးအစား သို့ဖြစ်စေ ပြောင်းလဲဖြစ်ပေါ်တိုးတက်သည့်နေ့မှစ၍ သုံးနှစ်အထိ မူလစီးပွားရေးလုပ်ငန်း၏ အဆင့်အတန်းကို ထိန်းသိမ်းထားရှိခြင်း၊

(ဖ) ကြီးထွားလာစေရေး၊ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စီးပွားရေးအဆင့်အတန်း တိုးတက်ဖြစ်ထွန်းလာစေရေးအတွက် ဒီဂျစ်တယ်အသွင် ကူးပြောင်းဆောင်ရွက်ရန် ပြည်တွင်း၊ ပြည်ပ နည်းပညာဆိုင်ရာအဖွဲ့အစည်းများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဆက်သွယ်ခြင်း၊ အကြံဉာဏ်ရယူခြင်းနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဗ) အွန်လိုင်းပလက်ဖောင်း (Online Platform) သို့မဟုတ် ဒီဂျစ်တယ်ဈေးကွက် (Digital Marketplace) များသည် ၎င်းတို့၏ ဒီဂျစ်တယ်ပလက်ဖောင်းပေါ်ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အရောင်းအဝယ် အချက်အလက်များအား အလွဲသုံးစား ပြု၍ ကိုယ်ပိုင်အကျိုးစီးပွားအတွက် အသုံးမပြုနိုင်ရေးနှင့် ဒီဂျစ်တယ်ဝန်ဆောင်မှုပေးသူများက ကောက်ခံသည့် ဝန်ဆောင်ခများအား အလွန်အကျွံမဖြစ်စေရေး ကာကွယ်ခြင်း၊

(ဘ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ တီထွင်ဖန်တီးမှု၊ လုပ်ငန်း လျှို့ဝှက်ချက် (Trade Secrets)နှင့် မိရိုးဖလာအသိပညာ (Traditional Knowledge) များ အား ခိုးယူခြင်း သို့မဟုတ် ခွင့်ပြုချက်မရှိဘဲ အတုအပပြုလုပ်ခြင်းတို့မှ ကာကွယ်ပေးနိုင်ရေး သက်ဆိုင်ရာနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

၁၂။ (က) အေဂျင်စီသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဒေသဆိုင်ရာ အေဂျင်စီများအား သင့်လျော်သောဖွဲ့စည်းပုံဖြင့် ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

(ခ) ဒေသဆိုင်ရာအေဂျင်စီသည် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်အဖွဲ့၏ လုပ်ငန်း ဆောင်ရွက်ချက်များကို တာဝန်ခံရမည်။

## အခန်း (၇)

## ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၃။ လုပ်ငန်းကော်မတီသည် သတ်မှတ်ချက်နှင့်အညီ ဗဟိုကော်မတီကဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်သူ အပါအဝင် သင့်လျော်သောပုဂ္ဂိုလ်များပါဝင်သည့် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ကို ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

၁၄။ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအလို့ငှာ အတိုးသက်သာသော ချေးငွေများရရှိနိုင်ရေး နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ခန့်မှန်းခြေ ငွေစာရင်းတွင် ထည့်သွင်းလျာထားနိုင်ရန်၊ လုပ်ငန်းကော်မတီသို့ တွက်ချက်တင်ပြခြင်း၊

(ခ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးဆိုင်ရာ အထောက် အကူပြုကိစ္စရပ်များတွင် အသုံးပြုနိုင်ရန် အသုံးစရိတ်အား လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ အဆိုပြုတင်ပြခြင်း၊

(ဂ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုရန်ပုံငွေမှ ထည့်ဝင်ငွေ၊ ပြည်တွင်း၊ ပြည်ပ ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ အကူအညီရရှိငွေ၊ အလှူရှင်များ လှူဒါန်းငွေနှင့် အခြားရရှိငွေများဖြင့် ထူထောင်ထားရှိခြင်း၊

(ဃ) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲထားသော စည်းမျဉ်းနှင့်အညီ ရန်ပုံငွေ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ ဌာနတွင်းစာရင်းစစ်ဆေးမှုခံယူခြင်းနှင့် ပြည်ထောင်စုစာရင်းစစ် ချုပ်ရုံး၏ စာရင်းစစ်ဆေးမှုကို ခံယူခြင်း၊

(င) ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နေသော အဖွဲ့အစည်းများကို မှတ်ပုံတင်ခွင့်ပြု ထားသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်း လုပ်ဆောင်နိုင်ရန် တည်ဆဲဥပဒေများနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရမှ အတိုးသက်သာစွာ ထုတ်ချေးပေးသော အထူးချေးငွေ တစ်ရပ်ရပ်ကိုသော် လည်းကောင်း၊ ပြည်တွင်း၊ ပြည်ပဘဏ်များ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ရင်းနှီး မြှုပ်နှံမှုအဖွဲ့အစည်းများမှ အတိုးမဲ့ဖြစ်စေ၊ သက်သာသည့် အတိုးနှုန်းဖြင့်ဖြစ်စေ ထုတ်ချေး ပေးသော ချေးငွေတစ်ရပ်ရပ်ကိုလည်းကောင်း ရရှိနိုင်ရန် မှတ်ပုံတင်ခွင့်ပြုထားသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား သက်ဆိုင်ရာဘဏ်များနှင့် ချိတ်ဆက်ပေးခြင်း၊

(ဆ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် ချေးငွေမဟုတ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ကျခံသုံးစွဲခြင်း၊

(ဇ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား သာမန်ချေးငွေ၊ အတိုးနှုန်း သက်သာသောချေးငွေ၊ အတိုးမဲ့ချေးငွေရရှိရန်နှင့် ပြန်လည်ပေးဆပ်စရာမလိုသော အကူအညီ ငွေများ ထောက်ပံ့ပေးနိုင်ရန် ချေးငွေဆိုင်ရာသတင်းအချက်အလက်ဌာနကို တည်ထောင်ခြင်း၊

(ဈ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား ငွေချေးရာတွင် ဆုံးရှုံးမှု များ ကာကွယ်နိုင်ရန်အတွက် သက်ဆိုင်ရာတည်ဆဲဥပဒေအရ လုပ်ငန်းလိုင်စင်ရရှိထားသော ချေးငွေအာမခံကုမ္ပဏီများ၊ ချေးငွေအာမခံကော်ပိုရေးရှင်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေး ခြင်း။

၁၅။ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့သည် ငွေကြေးဆိုင်ရာကိစ္စများကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီ၏ကြီးကြပ်မှုဖြင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့နှင့် ညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်ရမည်။

## အခန်း (၈)

## လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၆။ လုပ်ငန်းကော်မတီသည် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေး အဖွဲ့ကို သင့်လျော်သောပုဂ္ဂိုလ်များဖြင့် သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းရမည်။

၁၇။ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ပကတိအခြေအနေ၊ လိုအပ်ချက်များနှင့် အခက်အခဲများကို လေ့လာသုံးသပ်ခြင်း၊

(ခ) အေဂျင်စီနှင့် ဒေသဆိုင်ရာအေဂျင်စီများ၏ လုပ်ငန်းစွမ်းဆောင်ရည်ကို သုံးသပ်ခြင်း၊

(ဂ) အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများ၊ သင်တန်းကျောင်းများ၊ ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို သုံးသပ်ခြင်း၊

(ဃ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို ဆန်းစစ်သုံးသပ်ခြင်း၊

(င) ဒေသတွင်းနှင့်ကမ္ဘာ့နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ဆန်းစစ်သုံးသပ်၍ မိမိနိုင်ငံရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ လိုအပ်ချက်များကို နိုင်ငံတော်က ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန် သုံးသပ်ခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ကဏ္ဍအလိုက် ဖွံ့ဖြိုး တိုးတက်မှု၊ နိုင်ငံတော်၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုးတွင် ပါဝင်မှု၊ ပြည်ပသို့ တင်ပို့မှုနှင့် ပြည်ပမှ တင်သွင်းမှုများအပေါ် သုံးသပ်ခြင်း၊

(ဆ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ တည်ထောင်ချိန်မှစ၍ စီးပွားရေးလုပ်ငန်းများဆောင်ရွက်မှု၊ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများအား နှစ်စဉ်ဘဏ္ဍာနှစ် အတွင်း ဆန်းစစ်လေ့လာသုံးသပ်ခြင်း၊

(ဇ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အလုပ်အကိုင်ဖန်တီးပေး နိုင်မှုနှင့် အနိမ့်ဆုံးလုပ်ခလစာ၊ လုပ်ငန်းအမျိုးအစားအလိုက် ရင်းနှီးမြှုပ်နှံမှုများနှင့် ထုတ်ကုန် များ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် အလုပ်အကိုင်ရရှိမှုများကို စိစစ်သုံးသပ်ခြင်း၊

(ဈ) ပုဒ်မခွဲ(က)မှ(ဇ)အထိ သုံးသပ်ချက်များနှင့် သက်ဆိုင်သည့် နှစ်စဉ်အစီရင်ခံစာများကို လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ တင်သွင်းခြင်းနှင့် အများပြည်သူသိရှိနိုင်စေရန် အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း။

## အခန်း (၉)

## တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောစနစ်နှင့် လုပ်ငန်းတာဝန်များ

၁၈။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောစနစ်ကို ဆောင်ရွက်နိုင်စွမ်းရှိသော ဝန်ထမ်းများအား လုပ်ပိုင်ခွင့် အခွင့်အာဏာများပေးအပ်၍ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့် အဖွဲ့များတွင် ပူးတွဲတာဝန်ပေးရမည်။

၁၉။ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဝန်ထမ်းများသည် ဒေသဆိုင်ရာအေဂျင်စီနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် တစ်နေရာတည်း၌ ဝန်ဆောင်မှုပေးသည့်အဖွဲ့ကို သက်ဆိုင်ရာဒေသ ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းက ဖွဲ့စည်းပေးရမည်။

စာမျက်နှာ ၉ သို့ ☆

☆ စာမျက်နှာ ၈ မှ

### အခန်း (၁၀)
### သတင်းအချက်အလက် စုဆောင်းထိန်းသိမ်းခြင်းနှင့် ထုတ်ပြန်ခြင်း

၂၁။ အေဂျင်စီသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို ကောက်ယူခြင်း၊ မှတ်တမ်းတင်ထားရှိခြင်း၊ လိုအပ်ချက်နှင့်အညီ အသုံးပြုခြင်းတို့ကို ဆောင်ရွက်နိုင်ရန် အောက်ပါတို့ကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းစီစဉ်ဆောင်ရွက်ရမည်-

(က) ဈေးကွက်၊ နည်းပညာနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်များကို ကွန်ရက်စနစ်များဖြင့် ပံ့ပိုးပေးခြင်းနှင့် သတင်းမီဒီယာများမှတစ်ဆင့် ထုတ်ပြန်ပေးခြင်း၊

(ခ) ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်နှင့် အကြံပေးဌာနများ ထူထောင်ဖွင့်လှစ်ခြင်း၊

(ဂ) ပြည်တွင်း၊ ပြည်ပ ဝယ်ယူသူနှင့် ရောင်းချသူများအတွက် အွန်လိုင်းကုန်သွယ်မှုစနစ်ဖွံ့ဖြိုးစေရန် သက်ဆိုင်ရာဌာနများမှ သတင်းအချက်အလက်များ ရယူပံ့ပိုးပေးခြင်း။

### အခန်း (၁၁)
### လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး ပံ့ပိုးဆောင်ရွက်ပေးခြင်း

၂၂။ အေဂျင်စီသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ထုတ်လုပ်မှုစွမ်းအားနှင့် ယှဉ်ပြိုင်နိုင်မှု မြင့်တင်နိုင်ရေးတို့အတွက် အောက်ပါတို့ကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း စီစဉ်ဆောင်ရွက်ရမည်-

(က) သင့်လျော်သည့် နည်းပညာများကို ရှာဖွေဖော်ထုတ် လွှဲပြောင်းပေးခြင်း၊

(ခ) ကုန်ထုတ်လုပ်မှုဆိုင်ရာနည်းပညာ အကြံဉာဏ်များပေးခြင်းနှင့် ခေတ်မီစက်ကိရိယာများကို အသုံးပြုနိုင်စေရန် လေ့ကျင့်ပညာပေးခြင်း၊

(ဂ) ထုတ်ကုန်များ၏ အရည်အသွေးကို စစ်ဆေးပေးမည့် ဓာတ်ခွဲခန်းများ တည်ထောင်မှုကို အားပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) ပြည်တွင်း၊ ပြည်ပအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအကြား နည်းပညာပူးပေါင်းဖလှယ်ခြင်း၊

(င) တီထွင်ဖန်တီးမှုစွမ်းရည်မြှင့်တင်နိုင်ရန် ပြိုင်ပွဲများကျင်းပပေးခြင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည် အလိုက် ထိုက်တန်သော ချီးမြှောက်မှုများ စီစဉ်ပေးခြင်း၊

(စ) သုတေသနလုပ်ငန်းများမှ ရရှိလာသည့် နည်းပညာသစ်များကို စီးပွားဖြစ်ထုတ်လုပ်နိုင်ရေး အတွက် အထောက်အပံ့များပေးခြင်း၊

(ဆ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ၏ စွမ်းဆောင်ရည် မြှင့်တင်ရေးအစီအစဉ်များကို ဆောင်ရွက်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းရပ်များတွင် ပံ့ပိုးကူညီဆောင်ရွက်ခြင်း။

### အခန်း (၁၂)
### သုတေသနလုပ်ငန်းများဆိုင်ရာ ဆောင်ရွက်ခြင်းနှင့် နည်းပညာများလွှဲပြောင်းပေးခြင်း

၂၃။ အေဂျင်စီသည်အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန် အောက်ပါတို့ကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည်-

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှ စွန့်ဦးတီထွင်မှုများ ပေါ်ထွန်းလာရေး သုတေသနလုပ်ငန်းများမှ နည်းပညာအသစ်များရရှိစေရန် တက္ကသိုလ်များ၊ သုတေသနအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ပေးခြင်း၊

(ခ) သုတေသနလုပ်ငန်းများမှ ရရှိသောနည်းပညာအသစ်များကို စီးပွားဖြစ်အကောင်အထည်ဖော် နိုင်ရေး အသေးစား၊အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသို့ သက်ဆိုင်ရာတည်ဆဲ ဥပဒေများနှင့်အညီ လွှဲပြောင်းပေးနိုင်ရေး ဆောင်ရွက်ခြင်း၊

(ဂ) သုတေသနလုပ်ငန်းများအတွက် လိုအပ်သော အဆင့်မြင့်ဓာတ်ခွဲခန်းများ၊ ကိရိယာများ၊ လူ့စွမ်းအားအရင်းအမြစ်များနှင့် သင်တန်းများကို ပံ့ပိုးပေးခြင်း၊

(ဃ) သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရန် သုတေသနကွန်ရက် ပလက်ဖောင်းများ၊ သုတေသနဌာနများ ဖွဲ့စည်းတည်ထောင်ပြီး နည်းပညာ၊ ဗဟုသုတများနှင့် အတွေ့အကြုံများ ဖလှယ်နိုင်ရေး ပံ့ပိုးပေးခြင်း၊

(င) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည့် နည်းပညာနှင့်သုတေသနဆိုင်ရာ အကြံပေးဝန်ဆောင်မှုလုပ်ငန်းများ (Technology & Research Advisory Service) ပေါ်ထွန်းလာစေရေး ဆောင်ရွက်ခြင်း၊

(စ) အသေးစား၊အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများက နည်းပညာသစ်များ အသုံးပြု၍ ဈေးကွက်ဝင်ထုတ်ကုန်များ ထုတ်လုပ်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးခြင်း။

### အခန်း (၁၃)
### ပြည်တွင်း၊ ပြည်ပ ဈေးကွက်များ ရှာဖွေချိတ်ဆက်ပေးခြင်း

၂၄။ အေဂျင်စီသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဈေးကွက်မြှင့်တင်ရေး အတွက် အောက်ပါတို့ကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းစီစဉ် ဆောင်ရွက်ရမည်-

(က) ပို့ကုန်ဦးစားပေး လုပ်ငန်းဆောင်ရွက်မှုများကို အားပေးခြင်း၊

(ခ) နိုင်ငံတကာဈေးကွက်များ၏ ကျင့်ဝတ်နှင့်စည်းမျဉ်းများကို စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများ သိရှိကျွမ်းဝင်စေခြင်း၊

(ဂ) ဈေးကွက်ဝင်ရောက်ထိုးဖောက်ရေးနှင့် ဈေးကွက်ဝေစုများရရှိစေရန် ပံ့ပိုးဆောင်ရွက်ပေးခြင်း။

### အခန်း (၁၄)
### အခွန်အကောက်ဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းဆောင်ရွက်ပေးခြင်း

၂၅။ အေဂျင်စီသည် လုပ်ငန်းကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ရှိစေရန် အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ အခွန်သက်သာခွင့်ပြုခြင်းကို ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ အကြံပြုတင်ပြရမည်-

(က) သုတေသနပြုပြီး တီထွင်ဆန်းသစ်သောကုန်ပစ္စည်းအသစ် ထုတ်လုပ်ခြင်း၊

(ခ) စီးပွားရေးဖွံ့ဖြိုးမှုနောက်ကျနေသော ဒေသတစ်ခုခု၌ သတ်မှတ်ထားသော ဦးစားပေးစာရင်းဝင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဂ) ဘေးထွက်ပစ္စည်းများနှင့် အလေ့အလွင့်ပစ္စည်းများကို ပြန်လည်အသုံးပြု၍ ကုန်ချော အမျိုးအစားအသစ် ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဃ) စွမ်းအင်ထုတ်လုပ်ခြင်းနှင့် စွမ်းအင်ကို အကျိုးရှိရှိ ထိရောက်စွာအသုံးချရေးနှင့် ပြန်လည်သုံးစွဲရေးတို့အတွက် အလုပ်ရုံအတွင်း ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ခြင်း၊

(င) သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

၂၆။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ပုဒ်မ ၂၅ အရ တင်ပြချက်ကို လက်ခံရရှိပါက လုပ်ငန်းကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းအမျိုးအစားအလိုက် အခွန်သက်သာခွင့်ပြုခြင်းကို လိုအပ်သလိုဆောင်ရွက် ပေးရမည်။

### အခန်း (၁၅)
### စွန့်ဦးတီထွင်မှု၊ စွန့်ဦးတီထွင်ပညာရေးနှင့်ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရေး ပံ့ပိုးဆောင်ရွက်ခြင်း

၂၇။ အေဂျင်စီသည် လုပ်ငန်းကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ စွန့်ဦးတီထွင်မှုများ ဖွံ့ဖြိုးလာစေရေးအတွက် အောက်ပါတို့ကို ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်း ပူးပေါင်း၍ ပံ့ပိုးဆောင်ရွက်ပေးရမည် -

(က) အခွန်လျှော့ပေါ့ကောက်ခံခြင်း၊

(ခ) စက်ရုံများတည်ထောင်ရန် မြေ သို့မဟုတ် လုပ်ငန်းနေရာကို သက်သာသည့်နှုန်းထားဖြင့် ငှားရမ်းပေးခြင်း၊

(ဂ) လုပ်ငန်းထူထောင်ရေး အတိုင်ပင်ခံ ဝန်ဆောင်မှုလုပ်ငန်းများ တည်ထောင်နိုင်ရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးခြင်း၊ အခက်အခဲများကို အကြံပြုဖြေရှင်းပေးခြင်း၊

(ဃ) စွန့်ဦးတီထွင်မှုရှိသည့်လုပ်ငန်းများအချင်းချင်း အကျိုးတူကုန်ထုတ်လုပ်ငန်းများ ဖွဲ့စည်း တည်ထောင်နိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊

(င) စွန့်ဦးတီထွင်မှုဆိုင်ရာ သင်ရိုးညွှန်းတမ်းများ အခြေခံပညာကျောင်းများတွင် ထည့်သွင်း သင်ကြားနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) စွန့်ဦးတီထွင်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ ရေးဆွဲပံ့ပိုးပေးခြင်း၊

(ဆ) စွန့်ဦးတီထွင်သည့် ထုတ်ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများ ပေါ်ထွန်းလာစေရေးနှင့် ဈေးကွက် ဝင်ရောက်နိုင်ရေး ပံ့ပိုးကူညီခြင်း၊

(ဇ) စွန့်ဦးတီထွင်မှုနှင့် ဆန်းသစ်တီထွင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပတ်ဝန်းကျင် ကောင်းများ ဖန်တီးပေးခြင်း၊ အသိပညာပေးခြင်းနှင့် ကွန်ရက်ချိတ်ဆက်မှုများ ဖြစ်ထွန်းလာ စေခြင်းတို့ကို ဆောင်ရွက်ပေးခြင်း၊

(ဈ) စွန့်ဦးတီထွင်မှုကို သက်ဆိုင်ရာဥပဒေနှင့်အညီ မှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ လွယ်ကူသက်သာစေရေးအတွက် လုပ်ငန်းကော်မတီသို့ တင်ပြပေးခြင်း။

### အခန်း (၁၆)
### အစပျိုးစီးပွားရေးလုပ်ငန်း (Start up Business) များ လုပ်ငန်းစတင်နိုင်ရန် ပံ့ပိုးခြင်း

၂၈။ အေဂျင်စီသည် လုပ်ငန်းကော်မတီ၏လမ်းညွှန်မှုနှင့်အညီ အစပျိုးစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရန်နှင့် တီထွင်ဆန်းသစ်၍ စီးပွားရေးအရ အလားအလာကောင်းသော လုပ်ငန်းသစ်များ ပေါ်ပေါက်လာစေရန် အောက်ပါတို့ကို ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ပံ့ပိုးဆောင်ရွက်ပေးရမည် -

(က) လုပ်ငန်းစတင်သည့်နေ့မှ သုံးနှစ်အထိ အခွန်ကင်းလွတ်ခွင့်ပေးခြင်း၊

(ခ) အစိုးရ သို့မဟုတ် ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်းများမှ ပံ့ပိုးပေးသောဝန်ဆောင်မှု ရုံးခန်း နေရာ၊ ပစ္စည်းကိရိယာများကို တစ်စိတ်တစ်ဒေသ သို့မဟုတ် အပြည့်အဝအသုံးပြုခွင့်ပေးခြင်း၊

(ဂ) အစိုးရ သို့မဟုတ် ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အစပျိုး စီးပွားရေး လုပ်ငန်းများ ပြုစုပျိုးထောင်ပေးသည့်စင်တာများ(Incubation Centers) တည်ထောင်ပြီး အစပျိုးစီးပွားရေးလုပ်ငန်းများအား ပံ့ပိုးပေးခြင်း၊

(ဃ) အစပျိုးစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်များကို ရေးဆွဲခြင်း၊

(င) အစပျိုးစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ရှင်သန်ရပ်တည်နိုင်စေရန် သက်ဆိုင်ရာဥပဒေများနှင့်အညီ အကာအကွယ်ပေးခြင်း၊

(စ) အကျိုးတူရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေရရှိစေရန်ဖြစ်စေ၊ လုပ်ငန်းသစ်စတင်ရန် ရင်းနှီးမြှုပ်နှံမှုရရှိ စေရန်ဖြစ်စေ ဘဏ် သို့မဟုတ် ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် ရင်းနှီးမြှုပ်နှံသူ များမှတစ်ဆင့် ရင်းနှီးငွေ ထောက်ပံ့မှုရရှိစေခြင်း၊

(ဆ) အစပျိုးစီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးငွေပံ့ပိုးပေးသော ရင်းနှီးမြှုပ်နှံသူများ၊ ဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများအား အခွန်သက်သာခွင့်များ သို့မဟုတ် လုပ်ထုံးလုပ်နည်း ဖြေလျှော့ပေးမှုများ သို့မဟုတ် အခြားအလားတူ သက်သာခွင့်များ ခံစားနိုင်ရန် စီစဉ်ဆောင် ရွက်ပေးခြင်း၊

(ဇ) အစပျိုးစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေပံ့ပိုးပေးခြင်း။

### အခန်း (၁၇)
### စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ၏ အခန်းကဏ္ဍ

၂၉။ စီးပွားရေးလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့သည် ဤဥပဒေ၏ အခြေခံမူများကို လိုက်နာဆောင်ရွက်နိုင် စေရန် ဗဟိုကော်မတီ၊ အခြားဆက်စပ်သည့်အဖွဲ့အစည်းများနှင့် လုပ်ကိုင်ဆောင်ရွက်ရမည်။

၃၀။ စီးပွားရေးလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့သည် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ကြီးထွားလာစေရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယင်းတို့၏ စီးပွားရေး အဆင့်အတန်းတိုးတက် ဖြစ်ထွန်းလာစေရေးတို့အတွက် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပူးပေါင်းဆောင်ရွက်ရမည်။

စာမျက်နှာ ၁၀ သို့ ☆

☆ စာမျက်နှာ ၉ မှ

### အခန်း(၁၈)
### စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ၏ တာဝန်နှင့် အခွင့်အရေး

၃၁။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ၏ တာဝန်နှင့် အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) ဤဥပဒေပါ အခွင့်အရေးများကို ရရှိခံစားနိုင်ရန် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ခြင်း၊
(ခ) စီးပွားရေး သို့မဟုတ် လူမှုပတ်ဝန်းကျင် ပြောင်းလဲဖြစ်ပေါ်မှုများကို တုံ့ပြန်နိုင်ရန်နှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စီမံခန့်ခွဲမှုပုံစံနှင့် တိုးတက်သော နည်းပညာများကို လွတ်လပ်စွာ ပြောင်းလဲဆောင်ရွက်ခြင်း၊
(ဂ) ဤဥပဒေအရ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအဖြစ် အကျုံးဝင်သည့်အမြဲတမ်းလုပ်သားဦးရေ၊ နှစ်တစ်နှစ်ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ သတ်မှတ်ချက် တစ်ရပ်ရပ်နှင့် မကိုက်ညီသည့်အခါ **စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူက** အေဂျင်စီသို့သတင်းပေးပို့ တင်ပြခြင်း၊ ခွင့်ပြုကာလမပြည့်မီ သုံးလကြိုတင်၍ ပြောင်းလဲမှတ်ပုံတင်ပြီး မူလမှတ်ပုံတင်လက်မှတ်ကို ပြန်လည်အပ်နှံခြင်း၊
(ဃ) မိမိလုပ်ငန်း၏ စာရင်းဇယားမှတ်တမ်းများကို သတ်မှတ်ချက်နှင့်အညီ ပြုစုထိန်းသိမ်းထားရှိခြင်း၊ လိုအပ်ချက်နှင့်အညီ စစ်ဆေးမှုကိုခံယူခြင်း၊
(င) နစ်နာမှုများ၊ စီးပွားရေးဆိုင်ရာအကာအကွယ် ရယူလိုမှုများနှင့်စပ်လျဉ်း၍ ဒေသဆိုင်ရာ အေဂျင်စီမှတစ်ဆင့် အေဂျင်စီသို့ တင်ပြခွင့်ရှိခြင်း၊
(စ) စွမ်းအင်ထုတ်လုပ်ခြင်းနှင့် စွမ်းအင်ကို အကျိုးရှိရှိထိရောက်စွာ အသုံးချရေး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းထုတ်လုပ်မှုနှင့် စက်ကိရိယာများ အသုံးပြုရေးတို့အတွက် အေဂျင်စီမှတစ်ဆင့် အစိုးရနှင့် အစိုးရမဟုတ်သော နည်းပညာဆိုင်ရာ သုတေသနဌာနများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း၊
(ဆ) ပြည်တွင်း၊ ပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ ကုန်စည်ပြပွဲနှင့် ပြိုင်ပွဲများသို့ အေဂျင်စီ၏ အစီအစဉ်ဖြင့် တက်ရောက်နိုင်ခြင်း၊
(ဇ) အစိုးရဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများမှ ထောက်ပံ့သည့်ငွေကြေးနှင့် အခြားဝန်ဆောင်မှုများရရှိရန် အေဂျင်စီမှတစ်ဆင့် လျှောက်ထားနိုင်ခြင်း၊
(ဈ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစီမံချက်များအလိုက် ချေးငွေရယူဆောင်ရွက်နိုင်ရန် အေဂျင်စီသို့ လျှောက်ထားနိုင်ခြင်း၊
(ည) ပြည်တွင်း၊ ပြည်ပစီးပွားရေးကွန်ရက်များတွင် အေဂျင်စီ၏အစီအစဉ်ဖြင့် ပါဝင်နိုင်ခြင်း။

### အခန်း (၁၉)
### မှတ်ပုံတင်ခြင်း

၃၂။ အေဂျင်စီသည် -
(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများက သက်ဆိုင်ရာ လိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် မှတ်ပုံတင်လက်မှတ်တင်ပြနိုင်လျှင် မှတ်ပုံတင်ခွင့်ပြုရမည်။
(ခ) လိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် မှတ်ပုံတင်ရန် မလိုအပ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖြစ်ပါက အောက်ပါသတ်မှတ်ချက်များနှင့် ညီညွတ်လျှင် မှတ်ပုံတင်ခွင့်ပြုရမည် -
(၁) ပတ်ဝန်းကျင်တွင် နေထိုင်လျက်ရှိသော ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်မှု မရှိခြင်း၊
(၂) သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှု အနည်းဆုံးဖြစ်ခြင်းနှင့် ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းများကို သတ်မှတ်ချက်နှင့် အညီ ဆောင်ရွက်ပေးနိုင်ခြင်း၊
(၃) မီးဘေးအန္တရာယ်ကင်းရှင်းစေရေး စီမံဆောင်ရွက်ထားခြင်း၊
(၄) လုပ်ငန်းခွင်ဘေးအန္တရာယ်နှင့် လုပ်သားများ ကျန်းမာရေးထိခိုက်မှုမရှိစေရေး စီမံဆောင်ရွက်ထားခြင်း။

၃၃။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် သက်ဆိုင်ရာ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်အဖွဲ့၌ မှတ်ပုံတင်ခြင်း၊ စီးပွားရေးလုပ်ငန်းလိုင်စင် ထုတ်ယူခြင်းနှင့် လိုအပ်သောထောက်ခံချက်များ လျှောက်ထားခြင်းတို့ပြုနိုင်သည်။

၃၄။ အေဂျင်စီသည် အောက်ပါအကြောင်းအရာတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ မှတ်ပုံတင်ခွင့်ကို ပြန်လည်ရုပ်သိမ်းရမည် -
(က) စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူက မှတ်ပုံတင်လက်မှတ်ကို ပြန်လည်အပ်နှံခြင်း၊
(ခ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လုပ်ငန်းရပ်စဲခံရခြင်း၊
(ဂ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက် ထက်ကျော်လွန်၍ စီးပွားရေးလုပ်ငန်းများ ပြောင်းလဲဖြစ်ပေါ်မှုသည် ကန့်သတ်ကာလ သုံးနှစ်ထက် ကျော်လွန်ခြင်း။

### အခန်း (၂၀)
### အထွေထွေ

၃၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန် ဝန်ကြီးဌာနသည် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၊ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့၊ ဒေသဆိုင်ရာ အေဂျင်စီနှင့် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောအဖွဲ့တို့၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည့်အပြင် ကုန်ကျစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျခံရမည်။

၃၆။ ဝန်ကြီးဌာနသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ဗဟိုကော်မတီအဖွဲ့ဝင်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်၊ အေဂျင်စီအဖွဲ့ဝင်၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဝင်နှင့် လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ဝင်တို့ ၏ ချီးမြှင့်ငွေနှင့် စရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်သတ်မှတ်ပေးရမည်။

၃၇။ ဤဥပဒေပါ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်း ဖြစ်သည်။

၃၈။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် ဤဥပဒေအရ အကျိုးခံစားခွင့်များကို ရရှိစေရန် ပုဒ်မ ၃၂ အညီ မှတ်ပုံတင်ပြုလုပ်နိုင်ပြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများက ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၃၉။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃/၂၀၁၅)အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၄၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -
(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။
(ခ) ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။
(ဂ) အေဂျင်စီနှင့် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့တို့သည် လုပ်ငန်းကော်မတီ၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၄၁။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

★ စာမျက်နှာ ၂၄ မှ

ပဲခူးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲ - တစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ ပိုက်ကျော်ခြင်း(အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ - တစ်ပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တတိယလုပွဲ ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် စက်တင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီတွင် ပိုက်ကျော်ခြင်း(အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်း၊ မွန်းလွဲ ၃ နာရီတွင် ပိုက်ကျော်ခြင်း (အမျိုးသား) လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက် ကြည့်ရှုအားပေးနိုင်ပါကြောင်းနှင့် ပိုက်ကျော်ခြင်း(အမျိုးသား/အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဆုပေးပွဲအခမ်းအနားကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရုပ်သံလိုင်းများဖြစ်သည့် MRTV-4 HD, MRTV Sports Channel နှင့် MRTV Entertainment တို့တွင် တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပညာရဲရင့်
ပွဲလယ်တင့်
❖
ပညာရွှေအိုး
လူမခိုး

---

## ဒိုင်ကီဟာရှီယိုကာ ကျောရိုးဒဏ်ရာကြောင့် ကာလရှည်အနားယူရဖွယ်ရှိ

**မြူးနစ် စက်တင်ဘာ ၁**

မိုချန်ဂလာဘတ်အသင်း နောက်ခံကစားသမား ဒိုင်ကီဟာရှီယိုကာသည် ကျောရိုးဒဏ်ရာကြောင့် ကာလရှည်အနားယူရဖွယ်ရှိနေသည်။



အဆိုပါ နောက်ခံကစားသမားသည် ဘွန်ဒက်လီဂါပွဲစဉ်အဖြစ် မိုချန်ဂလာဘတ်အသင်းက လိုက်ပဇစ်အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား ဒိုင်ကီဟာရှီယိုကာ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် မိုချန်ဂလာဘတ်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ ဒိုင်ကီဟာရှီယိုကာသည် မိုချန်ဂလာဘတ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ နှစ်ပွဲ ကစားပြီး တစ်ဂိုး သွင်းယူထားသည်။

(NGB)

---

## ပန်းချီမြတ်မင်းထွေး၏ တစ်ကိုယ်တော်ပန်းချီပြပွဲ ပြသမည်

**မန္တလေး စက်တင်ဘာ ၁**

အမျိုးသားယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)ကျောင်းဆင်းတစ်ဦးဖြစ်သော ပန်းချီမြတ်မင်းထွေး၏ Minds Cape အမည်ဖြင့် သတ္တမအကြိမ်မြောက် တစ်ကိုယ်တော် ပန်းချီပြပွဲကို စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီတွင် မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၅၇လမ်း၊ ၁၀၃လမ်းနှင့် ၁၀၄လမ်းကြားရှိ Collectors Soul Art Gallery ပန်းချီပြခန်းတွင် ဖွင့်လှစ်ပြသမည်ဖြစ်သည်။

အဆိုပါ ပန်းချီပြပွဲအား စက်တင်ဘာ ၅ ရက်မှ ၉ ရက်အထိ ငါးရက်တိုင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ပြီး ကျေးလက်သဘာဝ အေးချမ်းသော အငွေ့အသက်များ လွှမ်းခြုံသော ကားများကို ပြသမည်ဖြစ်ပြီး ကြည့်ရှုသူများအား အေးချမ်းမှုရသကို ခံစားရမည်ဖြစ်ရာ ပန်းချီချစ်မြတ်နိုးသူများ လာရောက်လေ့လာခံစားကြည့်ရှုနိုင်ကြောင်း သိရသည်။

(၀၇၀)

## ငလျင်တမံနိမ့်ကျမှုဖြစ်ပေါ်ခဲ့မှုအပေါ် ရေတိုက်စားမှုကာကွယ်ခြင်းနှင့် ရေစီးလမ်းကြောင်း ပိတ်ဆို့ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



နေပြည်တော် စက်တင်ဘာ ၁

ငဝန်တာတမံနိမ့်ကျမှုကြောင့် ရေစီးဝင်လမ်းကြောင်း၏ လက်ယာဘက်ခြမ်းအား နိုင်လွန်ကြိုးပိုက်များဖြင့်ထုပ်ပြီး သဲအိတ်တွဲများချခြင်း၊ ဒဂုန်စာမရီ ရေယာဉ်ကြီးဖြင့် Geobags အိတ်ကြီးများချခြင်း၊ Steel Sheet Pile များရိုက်သွင်းခြင်း၊ အလယ်ရေနက်ရေစီးကြောင်းတွင် Split Berge ရေယာဉ်ကြီးဖြင့် Geobags အိတ်ကြီးများချခြင်း၊ လက်ဝဲဘက်ခြမ်းအား Steel Sheet Pile များ၏ နောက်ကျောဘက်တွင် Jumbobag များချခြင်း လုပ်ငန်းများကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ တံတားဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ နည်းပညာကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများက ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများကို ယမန်နေ့က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖိုလ်ဖိုလ်ကျော်သည်တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ရှိရေတိုက်စားမှု ကာကွယ်ခြင်းလုပ်ငန်းနှင့် ရေစီးလမ်းကြောင်း ပိတ်ဆို့ကာကွယ်နိုင်ရေး အရှိန်အဟုန်ဖြင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေ၊ ငဝန်မြစ်နှင့် ငဝန်တာနိမ့်ကျ ရေစီးဝင်သည့်နေရာတို့၏ နေ့စဉ် ရေထုထည်စီးနှုန်းနှင့် မြစ်ကြမ်းပြင် နိမ့်မြင့်အခြေအနေ၊ လိုအပ်သော တည်ဆောက်ရေးလုပ်ငန်းခွင်သုံး ပစ္စည်းများ စုဆောင်းထားရှိမှုနှင့် ထပ်မံသယ်ယူမည့်အခြေအနေများကို တင်ပြဆွေးနွေးပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယနေ့နံနက်ပိုင်းတွင် ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ မှ ၁၁/၆+၃၀၀ နေရာ၌ မြစ်ရေတိုက်စားမှုကြောင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပထမ ယာယီပန်းတာ အရှေ့လျှောစောက်အခြေနှင့် နောက်ဘက် လျှောစောက်အခြေတွင် သဲအိတ်များထောက်ခြင်း၊ တာတမံကြံ့ခိုင်မှုအားနည်းသည့် တာမိုင်၁၁/၅ နှင့် ၁၁/၆ ကြားတွင် အလျားပေ ၃၀၀ တုတ်တန်းရိုက်သဲဖြည့်ခြင်း၏ နောက်ဘက်တွင် သဲအိတ်ဖြင့် အခြေထောက်ခြင်းအား ပိုမိုတောင့်တင်းခိုင်မာမှုရှိစေရန် ဆောင်ရွက်ခြင်း၊ ဒုတိယယာယီပန်းတာလုပ်ငန်း ဆက်လက်ဆောင်ရွက်ခြင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## တနင်္သာရီမြစ်ရေ စိုးရိမ်ရေမှတ်ထက်ကျော်လွန်၍ ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့၌ ဩဂုတ် ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် မိုးသည်းထည်စွာရွာသွန်းမှုကြောင့် တနင်္သာရီမြစ်ရေ အမှတ်သည် ၂၅ ပေ ၇ လက်မသို့ ရောက်ရှိပြီး တနင်္သာရီမြို့၏ စိုးရိမ်ရေမှတ် ၁၇ ပေ အထက် ၈ ပေ ၇ လက်မ ကျော်လွန်ရောက်ရှိကာ အန္တရာယ်ရေအမှတ် ၂၄ ပေအထက် ၁ ပေ ၇ လက်မသို့ ရောက်ရှိခဲ့ခြင်းကြောင့် မြေနိမ့်ပိုင်းတွင်နေထိုင်သူများ ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ရန် ယာယီကယ်ဆယ်ရေးစခန်း ခြောက်ခု ဖွင့်လှစ်ထားရှိ၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ယာယီကယ်ဆယ်ရေးစခန်းများတွင် ယာယီနေထိုင်လျက်ရှိသည့် ဒေသခံပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ အရေးပေါ်ကူညီကယ်ဆယ်ရေးဆောင်ရွက်နိုင်ရေး ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တနင်္သာရီတပ်နယ် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် စက်တင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့ အပြင် ဟင်္သာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည်။

ထိုသို့ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သော်လည်း ရေကြည်မြို့နယ်၌ ဩဂုတ် ၂၄ ရက်တွင် ၁၁ ပေ ၂ လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၈ ပေခန့်သာ ကျန်ရှိတော့သဖြင့် ၃ပေ ၂ လက်မခန့် ဆက်လက်ကျဆင်းသွားခဲ့ကြောင်း၊ ငသိုင်းချောင်းမြို့တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၂၃ ရက်တွင် ၁၀ ပေ ၉ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၈ ပေ ၈ လက်မခန့်သာကျန်ရှိသဖြင့် ၂ ပေ ၁ လက်မခန့်အထိ ကျဆင်းသွားခဲ့ကြောင်း၊ ကျုံပျော်မြို့တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၃၀ ရက်တွင် ၈ ပေ ၁ လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၇ ပေ ၄ လက်မခန့်သာကျန်ရှိသဖြင့် ၆ လက်မခန့် ကျဆင်းသွားခဲ့ကြောင်း၊ ကျောင်းကုန်းမြို့နယ်တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၃၀ ရက်တွင် ၇ ပေ ၁လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၆ပေ ၁၁လက်မခန့်သာကျန်ရှိသဖြင့် ၂ လက်မခန့် ကျဆင်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါ ရေပြန်လည်ကျဆင်းသွားသည့် မြို့ရွာများရှိ စာသင်ကျောင်းများ၊ ဆေးရုံဆေးခန်းများ၊ ဘုန်းတော်ကြီးကျောင်းများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းပေးခြင်း၊ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက် ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြုရန် Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များ ဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ငဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေး လုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေး လုပ်ငန်းဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ညောင်တုန်းမြို့နယ် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ တိုးမြစ်၏ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပွားခဲ့သည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် မူလပန်းတာ တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြား Bund Slope အခြေ သဲအိတ်ထောက်ခြင်း၊ တာမိုင် ၁၁/၅ နှင့် ၁၁/၆ ကြား ယာယီပန်းတာတည်ဆောက်ခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**






## မန္တလေးတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ လှူဒါန်း

**မန္တလေး စက်တင်ဘာ ၁**

မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း မြစ်ရေ၊ ဆည်ရေ မြင့်တက်မှုများဖြစ်ပေါ်ခဲ့ရာ ရေများဝင်ရောက်ခဲ့သည့်နေရာဒေသများမှ ရေဘေးသင့်ပြည်သူများအား မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က အခြေခံစားသောက်ကုန်များ၊ ထောက်ပံ့ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိပြီး စေတနာရှင် အလှူရှင်များကလည်း အလှူငွေများ လှူဒါန်းလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ ယနေ့မွန်းလွဲပိုင်းတွင် စေတနာရှင် အလှူရှင်များက အလှူငွေများကို လှူဒါန်းရာ အလှူရှင်များဖြစ်သည့် မန္တလေးတိုင်းဒေသကြီး စီချွမ်နှင့် ချုံချင့်ကုန်သည်ကြီးများအသင်းမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက အလှူငွေကျပ်သိန်း ၅၀၀ ကို လာရောက်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးတို့ကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်၍ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀

## မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၆ ခုနှစ်၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် အမျိုးသားတံခွန်စိုက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်

**မန္တလေး စက်တင်ဘာ ၁**

အားကစားရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ်၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် အမျိုးသားတံခွန်စိုက် ငါးယောက်တွဲ (အလွတ်တန်း/U-16)နှင့် သုံးယောက်တွဲ(U-16/U-18) အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးမိုးလုံလေလုံအားကစားခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်၊ တိုင်းဒေသကြီး ဘတ်စကက်ဘောဆပ်ကော်မတီ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဝါသနာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး MOHA အသင်းနှင့် Amigo အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးရာ MOHA အသင်းက အနိုင်ရဗိုလ်စွဲခဲ့သည်။

၎င်းနောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများက အကောင်းဆုံးဆုရ အားကစားသမားများ၊ ပထမ၊ ဒုတိယနှင့် တတိယဆုရအသင်းများကို ဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ခဲ့သည်။




ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပထမတံခွန်စိုက်ဆုရရှိသည့် MOHA အမျိုးသမီးဘတ်စကက်ဘောအသင်းနှင့် MOHA အမျိုးသား ဘတ်စကက်ဘော အသင်းတို့အား ပထမ တံခွန်စိုက်ဖလားများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား (၁၃)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ အခမဲ့ထောက်ပံ့

**မန္တလေး စက်တင်ဘာ ၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနမှ (၁၃)ကြိမ်မြောက်ဟင်းသီးဟင်းရွက်များ အခမဲ့ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန(မနော်ရမ္မ)တွင် ပြုလုပ်ခဲ့ကြသည်။

(၁၃)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ပေးအပ်ရာတွင် ဘက်စုံခြံမှထွက်ရှိသော ခရမ်းသီး အထုပ် ၃၅၀၊ ဖရုံညွန့် အစည်း ၁၄၀၊ ၄က်ပျောသီး အဖီး ၂၀တို့ကို စီမံရေးရာဌာန ချမ်းအေးသာစံမြို့နယ်ရုံးရှိ ဝန်ထမ်းများ၊ မဟာအောင်မြေမြို့နယ်ရှိ ဝန်ထမ်းများနှင့်ချမ်းမြသာစည်မြို့နယ်ရုံးတို့ရှိဝန်ထမ်းများနှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာနဝန်ထမ်းများအား စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဒုတိယဌာနမှူး ဦးဇော်ဇော်ထွန်းနှင့် တာဝန်ရှိသူများက အခမဲ့ထောက်ပံ့ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**(အောက်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၃)**

၀-၀-၀-၀-၀



## မိတ္ထီလာမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရေးဆွဲခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရေး သင်တန်းဖွင့်လှစ်ပို့ချ

**မိတ္ထီလာ စက်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရေးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေးသင်တန်းဖွင့်လှစ်ပို့ချခြင်းကို ယမန်နေ့က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် ကျင်းပခဲ့သည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ထပ်တိုးအကောင်အထည်ဖော်ဆောင်ရွက်မည့် ညောင်မြင့်ကျေးရွာမှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များအား ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ရေးဆွဲခြင်းလုပ်ငန်းနှင့် နှစ်အလိုက် ကျေးရွာဖွံ့ဖြိုးရန်ပုံငွေသုံးစွဲရေး အစီအစဉ် (AVIP)ရေးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သင်တန်းဖွင့်လှစ်ပို့ချရာ ၎င်းသင်တန်းကို စီမံကိန်းကော်မတီဝင်များ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ငါးရက်ကြာဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(၄၆၉)**



## မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ဆောင်ပုဒ်နှင့် ရည်ရွယ်ချက်များကို Billboard ချိတ်ဆွဲခြင်းဆောင်ရွက်

**မိုင်းဆတ် စက်တင်ဘာ ၁**

စက်တင်ဘာ ၁ ရက်တွင် ကျရောက်မည့် (၁၃)ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အကြိုအဖြစ် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ဆောင်ပုဒ်နှင့် ရည်ရွယ်ချက်ပါ အသိပညာပေး Billboard ချိတ်ဆွဲခြင်းကို ယနေ့ နံနက် ၉ နာရီက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့ မြို့အဝင် ဆိုက်ခေါင်ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါ Billboad ချိတ်ဆွဲခြင်းကို မိုင်းဆတ်မြို့၊ အမှတ်(၃)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်မှ ကြီးမှူးဆောင်ရွက်ခြင်းဖြစ်ပြီး တပ်ဖွဲ့စိတ်မှူး ဦးစီးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကျောင်းသား၊ ကျောင်းသူများက ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများအား လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

၀-၀-၀-၀-၀

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၆ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ(U-14)(အမျိုးသား) ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်





**မန္တလေး စက်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူး၍ ၂၀၂၆ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ (U-14) (အမျိုးသား)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာကွင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်တို့မှ ပါမောက္ခချုပ်များနှင့်ကျောင်းအုပ်ကြီးများ၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး အခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် အားကစားကဏ္ဍနှင့် ပညာရေးကဏ္ဍပေါင်းစပ် ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၏ Smart School နှင့် Football For School Program ကို အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ Football For Program အရ F4S Application ကို အသုံးချပြီး အခြေခံပညာကျောင်းများတွင် အခြေခံပညာကာယပညာ ဆရာ၊ ဆရာမများက သင်ကြားပို့ချပေးနေပါကြောင်း၊ နိုင်ငံ၏အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးတွင် လူငယ်ထု၏ စွမ်းပကားများစွာလိုအပ်ပါကြောင်း၊ စွမ်းရည်ပြည့် လူငယ်ရင်းမြစ်များစွာ ထွက်ပေါ်လာရေး ပြုစုပျိုးထောင်သွားကြရမည်ဖြစ်ပါကြောင်း၊ လူငယ်များအနေဖြင့် ပညာကိုသာအခြေခံပြီး လက်တွေ့နယ်ပယ်တွင် ပညာကိုထိရောက်စွာ အသုံးချကာ အတွေ့အကြုံများစွာ ရယူ၍ ကိုယ်ရည်ကိုယ်သွေးကို ပိုမိုတိုးတက်လာအောင်တည်ဆောက်သွားကြရမည်ဖြစ်ပါကြောင်း၊ Football For School Program ရေရှည်တည်တံ့အောင်မြင်ပြီး ကျန်းမာကြံ့ခိုင်၍ အရည်အချင်းပြည့်ဝသော ထူးချွန်သည့် မြန်မာ့လက်ရွေးစင်ကစားသမားများ ပေါ်ထွန်းလာအောင် အားလုံးဝိုင်းဝန်းကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီးနောက် ၂၀၂၆ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ(U-14)(အမျိုးသား)ဘောလုံးပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးသည်။

၎င်းနောက် အစီအစဉ်တိုင်း ဆက်လက်ကျင်းပပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်အားပေးကာ အားကစားပစ္စည်းများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ တက်ရောက်လာကြသူများက သရုပ်ပြကျောင်းသား၊ ကျောင်းသူ ၈၀၀ ဦးက အခြေခံပညာကျောင်းများတွင် ကျောင်းလှုပ်ရှားမှုအသွင်ဖြင့် သင်ကြားနေသော ကိုယ်ကာယလေ့ကျင့်ခန်းအတွဲ (၃၊ ၄)နှင့် Physical Fitness Exercises ကကွက်တို့ဖြင့် သရုပ်ပြတင်ဆက်မှုတို့ကို ကြည့်ရှုအားပေးကြသည်။



၎င်းနောက် ၂၀၂၆ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ(U-14)(အမျိုးသား)ဘောလုံးပြိုင်ပွဲ ပွဲဦးထွက်အဖြစ် ပြင်ဦးလွင်ခရိုင်အသင်းနှင့် ကျောက်ဆည်ခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်းနှင့်ဘောလုံးပြိုင်ပွဲများကို စက်တင်ဘာ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## စစ်ကိုင်းမြို့တွင် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများ ဆောင်ရွက်လျက်ရှိ

**စစ်ကိုင်း စက်တင်ဘာ ၁**

စစ်ကိုင်းမြို့တွင် ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟုသုတတိုးပွားစေရန်နှင့်စာဖတ်သည့် အလေ့အကျင့်ကောင်းများ စွဲမြဲစေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဇာဖြူထွန်းနှင့် ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း(ရွှေမင်းဝံ)သို့ သွားရောက်၍ Mobile Library စနစ်ဖြင့် သုတ၊ ရသစာအုပ်များကို အခမဲ့ ငှားရမ်းပေးခြင်းနှင့် စာအုပ်၊ စာစောင်ပြပွဲများကို ဆောင်ရွက်ပေးခဲ့သည်။ **(အောက်ပုံ)**



စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် အခြေခံပညာအထက်တန်းကျောင်း (ရွှေမင်းဝံ)တွင် အပတ်စဉ်အင်္ဂါနေ့တိုင်း ကျောင်းသား၊ ကျောင်းသူများအား သုတ၊ ရသစာအုပ်၊ စာစောင်များငှားရမ်းခြင်းနှင့် စာအုပ်၊စာစောင်ပြပွဲများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စစ်ကိုင်းမြို့ပေါ်ရှိ အခြေခံပညာကျောင်းများတွင်လည်း ရွှေ့လျားစာကြည့်တိုက် Mobile Library စနစ်ဖြင့် အပတ်စဉ် သွားရောက်၍ သုတ၊ ရသစာအုပ်၊ စာစောင်များ (အခမဲ့)ငှားရမ်းခြင်းနှင့် စာအုပ်၊ စာစောင်ပြပွဲများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အေးငြိမ်းစံ(ပြန်/ဆက်)**

## ကျောင်းသား၊ ကျောင်းသူများအား ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၁**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်(မန္တလေးရုံးခွဲ)မှ ကြီးမှူး၍ ကျောင်းသား၊ ကျောင်းသူများ ဖြောင့်မတ်တည်ကြည်မှု ပညာပေးအစီအစဉ်ကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့ရှိ သူရိန်နန်းကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပသည်။**(အောက်ယာပုံ)**

ရှေးဦးစွာ အခမ်းအနားကို သတ်မှတ်အစီအစဉ်အတိုင်း စတင်ဖွင့်လှစ်ခဲ့ပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်(မန္တလေးရုံးခွဲ)မှ ဦးစီးအရာရှိ ဦးစိုးပိုင်က မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား အဂတိလိုက်စားမှု တိုက်ဖျက်ရေး၊ ဖြောင့်မတ်တည်ကြည်မှုနှင့် စာရိတ္တမဏ္ဍိုင်မြှင့်တင်ရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ ပြန်လည်ထွက်ခွာ၍ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ နေရာယူကြပြီး ဦးစီးအရာရှိ ဦးစိုးပိုင်က အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား သက်ဆိုင်ရာ အသိပညာပေး အကြောင်းအရာများကို ဆက်လက်ဟောပြောဆွေးနွေးခဲ့သည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး တက်ရောက်လာကြသော မူလတန်းနှင့် အလယ်တန်းအဆင့်ကျောင်းသား၊ ကျောင်းသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**



# တောင်ပြုံးပွဲတော်မှ ရတနာဂူပွဲတော်သို့

မန္တလေးရွှေမြို့တော်၏ ပုဂံခေတ်မှ ယနေ့ခေတ်တိုင် (၁၂)လရာသီပွဲတော်များထဲတွင် တောင်ပြုံးဘုရားပွဲတော်ကြီးနှင့် ရတနာဂူဘုရားပွဲတော်ကြီးတို့သည် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ၊ နတ်ပုဂ္ဂိုလ်များကို ပူဇော်ဆက်သသူများစွာတို့ဖြင့် အထူးစည်ကားသော ရက်ရှည်ကျင်းပသည့် ပွဲတော်ကြီးများအဖြစ် ထင်ရှားပါသည်။

ဧရာဝတီမြစ်ကြီး၏ အရှေ့ဘက်တွင် ကျော်စဉ်တိုက်နယ်ရှိ၏။ ပုဂံဘုရင်အနော်ရထာမင်းစော၏ လက်ထက်တွင် ရွှေဖျင်းညီနောင်သည် 'ကျော်စဉ်တိုက်နယ်'ကို အပိုင်စားခွင့်ရခဲ့သည်။ 'ကျော်စဉ်တိုက်နယ်'ထဲတွင် တောင်ပြုံး၊ တောင်သမန်၊ ထီးပေါင်းကားရွာများ ပါဝင်သည်။ ထီးပေါင်းကားရွာသည် အမရပူရနန်း မြို့တည်နေရာဖြစ်သည်။ ထို့ကြောင့် တောင်ပြုံးနှင့် တောင်သမန်သည် ရွှေဖျင်းညီနောင် အပိုင်စားရာ ကျက်စားပျော်ပါးရာ ဒေသနယ်မြေများ ဖြစ်ခဲ့လေသည်။

**အရှေ့ဘက်တစ်ခွင်၊ ကျော်စဉ်ငယ်မှတစ်လွှား၊ ယုန်ပင်ကိုကြီး ထောင်ပါတယ်..... ဘိန်းဘင်ယကွင်းငါး၊ ကြက်သားငယ်မတန်၊ ဆူချက်ပြင်လေဟန်.....၊ တောင်သမန်မှာလေ၊ ဖျင်းအိုးသစ်၊ အနားသုံးဆင့်ရစ်ပါလို့လေး၊ သခင်သစ်ကယ်ကြို၊ ချိုလွှန်းလှလေး၊ ရွှေသစ်ကယ်ကြို၊ ချိုလွှန်းလှလေး.....(နတ်ချင်း)**ဟူ၍ ယုန်တိုး၊ ငါးဖမ်း၊ မင်းညီနောင်၊ မခင်သစ်တို့၏ သိင်္ဂါရနတ်ချင်းလေးကို ဖတ်ဖူး၊ မှတ်ဖူး၊ ကြားဖူးခဲ့ရပါ၏။

တောင်သမန်ရွာသစ်မှ မခင်သစ်(မရွှေသစ်)နှင့် သံယောဇဉ်ငြိတွယ်မိကြသည်။ ရွှေဖျင်းညီနောင်တို့က တောင်သမန်တွင် ယုန်ထောင်ပြီး အင်းထဲကငါးကို ဖမ်းသည်။ ငါးက အလွန်ချိုသည်။ ကြက်သားဟင်းနှင့် မလဲနိုင်သော ငါးဟင်းကို မခင်သစ်က ချက်ပြုတ်ပေးပြီး ညီနောင်တို့က သူရာယစ်ရွှေရည်နှင့်အတူ သုံးဆောင်တော်မူကြသည်။

အမရပူရတွင် 'ရတနာဂူဘုရား'ကို အင်းဝတွင် နန်းတက်ခဲ့သော မင်းကြီးစွာစော်ကဲက ၇၂၉ ခုနှစ်တွင် တည်ထားကိုးကွယ်တော်မူခဲ့ပြီး 'ယတြာဘုရား'ဟုလည်း ခေါ်ဆိုခဲ့ကြောင်း သိရသည်။ နှစ်စဉ် ဝါခေါင်လပြည့်ကျော် ၈ ရက်တွင် ဘုရားပွဲတော်(စာရေးတံမဲ အပါအဝင်)ကြီးကို စတင်၍ ကျင်းပခဲ့ကြသည်။




ကာလရွေ့လျားသောအခါ အမရပူရ ရတနာဂူဘုရားပွဲသည် 'နတ်ပွဲ'အဖြစ် ပိုမိုထင်ရှားလာခဲ့သည်မှာ ဘကြီးတော်(ခေါ်)စစ်ကိုင်းမင်း လက်ထက်တွင် စတင်ခဲ့ကြောင်း ကြားသိမှတ်သားခဲ့ရ၏။

အဆိုပါနတ်ပွဲ စတင်ပူးတွဲပါဝင်လာပုံဖြစ်စဉ်သည် အနော်ရထာမင်းက 'ကျော်စဉ်ရပ်' (တောင်ပြုံး)တွင် ဆုတောင်းပြည့်ဘုရား တည်ရာ၌ ရွှေဖျင်းညီနောင်နှစ်ပါး အပျော်လွန်မေ့လျော့မှုကြောင့် ကွပ်မျက်ရာတွင် ညောင်ပင်အရပ်တည်ရှိရာတွင် အသက်ကုန်ခဲ့ရပြီး နတ်ဖြစ်သွားခဲ့ကြလေသည်။

အနော်ရထာမင်း ဖောင်တော်နှင့်လှည့်တော်မူရာတွင် ဖောင်တော်ကို ဆွဲတန့်၍ ရေမှာရပ်တန့်စေရာ ရွှေဖျင်းညီနောင် 'နတ်'ဖြစ်၍ ကျေးဇူးတော်ခံစားလိုကြောင်း သိတော်မူ၍ တောင်ပြုန်းရွာကောင်းမှုဆုတောင်းပြည့်ဘုရားတွင် 'ကွန်း' ဆောက်၍ 'ကျော်စဉ်'တစ်တန်းနေသူတို့ ပူဇော်ခံစေဟု မိန့်မှတ်ကာ အပိုင်စားပေးခဲ့ပြီး 'မင်းညီနောင်နတ်ပွဲ'ကို ဝါခေါင်လဆန်း ၈ ရက်မှ ၁၅ ရက်အထိ မင်း၊ မှူးမတ်၊ သူဌေး၊ သူကြွယ်မှအစ လူပရိသတ်များစွာတို့ ဆင်ယင်ကျင်းပပူဇော်ခဲ့ကြကြောင်း သိရှိရပါသည်။

မင်းညီနောင်၏ မယ်တော် မယ်ဝဏ္ဏသည် သားညီနောင်နှစ်ဦးထံ လာရောက်ပြီး အပြန်လမ်းတွင် တောင်စကြင်ဝရှာ ဥယျာဉ်တော်အရောက်၌ ရင်ကွဲနာကျကာ သေဆုံးတော်မူခဲ့သည်။ ဤသည်ကို အစွဲပြုပြီး ထိုအရပ်တွင် နတ်ကွန်းဆောက်လုပ်ကာ ကိုးကွယ်ခဲ့ကြပြီး ဝါခေါင်လဆုတ် ၈ ရက်မှ လကွယ်နေ့အထိ 'မင်းညီနောင် မယ်တော်ပို့ပွဲတော်'အဖြစ် ရတနာဂူဘုရားပွဲတော်ထဲတွင် နတ်ပွဲကိုပါ ပါဝင်ကျင်းပခဲ့သော အစဉ်အလာဖြစ်လာခဲ့လေသည်။

ဆက်လက်၍ မင်းညီနောင်တို့က လှေပြိုင်ပွဲကို ရှုစားတော်မူလိုသဖြင့် လှေပွဲသဘင်များ ပါဝင်ဆင်နွှဲလာခဲ့သလို နတ်ပွဲကိုလည်း ရိုးရာမပျက် ပူဇော်ကိုးကွယ်ခဲ့ကြရာ ပွဲတော်သည် ယခင်ထက် ပိုမိုစည်ကားလာပြီး ကျင်းပသည့်နေရာက ကျဉ်းမြောင်းလာခဲ့သောကြောင့် 'စကြင်ဝဆိုင်းတန်းရပ်'မှာပင် 'မင်းညီနောင် မယ်တော်ပို့ နတ်ပွဲ'ကို ပြုလုပ်ကြရတော့သည်။

၁၉၁၀ ပြည့်နှစ် ဝန်းကျင်တွင် ဧရာဝတီမြစ်ရေကြီးသဖြင့် အမရပူရ(ခေါ်)အောက်ကျင်းရွာအနိမ့်ပိုင်း ရေဘေးဒုက္ခကြုံခဲ့ကြပြီး ရတနာဂူနတ်ပွဲ ကျင်းပရာ ဝန်းကျင်သည်လည်း ရေတိုးကြမ်းသော မြစ်ရေများ နစ်မြုပ်၍ နတ်ပွဲမကျင်းပနိုင်ဖြစ်ခဲ့ရပါသည်။

အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော နတ်ဆရာများ၊ နတ်နှင့် ပတ်သက်သူများ၊ ဈေးသည်များအားလုံးဒုက္ခရောက်ကြသဖြင့် 'အထက်ကုန်း'ရေလွတ်ရာနေရာတစ်ခုတွင် နတ်ပွဲကျင်းပခွင့်ရရှိစေရန် သက်ဆိုင်ရာ တာဝန်ရှိသူများက အမရပူရမြို့၊ မယ်ဇယ်တန်း အနောက်ဘက်၊ တောင်ကြီး၊ အရှေ့ဆင်တိုင်းရပ် အရှေ့ဘက်ခြမ်းနေရာတွင် 'မယ်တော်ကြီးနတ်ပုံတော်နှင့် ရွှေဖျင်းညီနောင်နတ်ပုံတော်'တို့ကို ယာယီတဲနန်းတွင်းတွင် ထားရှိပူဇော်ပြီး ကျင်းပပူဇော်စေခဲ့ပါသည်။ ထိုယာယီတဲနန်းမှ မြောက်သို့ လမ်းမကြီးအတိုင်း မင်္ဂလာကျောင်းတိုက်နားအထိ ပွဲဈေးတန်းကြီးခင်းကျင်းရောင်းခဲ့ကြသည်။

အောင်ချမ်းသာဘုရား မြောက်ဘက်တွင် 'နတ်ကွန်း' အခိုင်အမာဆောက်လုပ်ခွင့်ရရှိခဲ့ပြီး 'အထက်နန်း'ဟု ခေါ်တွင်လာခဲ့သည်။ ပွဲတော်သည် ပိုမိုစည်ကားလာသောကြောင့် ရွှေခဲရပ်တောင်ဘက်မှ 'ရတနာဂူဘူတာ'ကိုပင် အထက်နန်းနှင့် နီးစပ်ရာဒေသသို့ ပြောင်းရွှေ့လာခဲ့ရတော့သည်။

ယခုအခါ ရတနာဂူနတ်ပွဲသည် အမရပူရမြို့ကိုယ်ရံတော်တွင် အောင်မြေရွှေဘုံဘုရားအနီးမှ ရတနာဂူဘုရားရှိရာ ရွှေလွန်းရွာအထိ ပွဲခင်းတန်းရှည်ကြီးဖြစ်နေပြီး နှစ်စဉ် ကြည့်ချင်ဇာတ်ပွဲများ၊ ဆက်ကပ်ပြပွဲ၊ မျက်လှည့်ပြပွဲနှင့် ပန်းကန်ပြားမယ်(မျက်နှာလေးတင် ဖော်ပြထားသည့် မျက်လှည့်တစ်မျိုး)စသည်တို့ကို မျက်စိပသာဒကြည့်ရှုနိုင်၍ စားစရာ မုန့်ခေါင်းအုံး၊ ကရေကရာ၊ ဆင်နားရွက်မုန့်၊ ချေတာရေးမုန့် စသည့်မုန့်ပဲသရေစာများကိုလည်း ဝယ်ယူစားသုံးနိုင်ကြပြီး အနယ်နယ်အရပ်ရပ်မှ လာရောက်ရောင်းချသော ဒေသထွက်ကုန်ပစ္စည်းများ၊ ပရဆေးများ၊ ရိုးရာအဝတ်အထည်များလည်း ဝယ်ယူရရှိနိုင်သည့် ရတနာဂူဘုရားပွဲတော်(နတ်ပွဲ )ကြီးသည် အလွန်ထူးခြားလှသော သမိုင်းဝင်ပွဲတော်ကြီးတစ်ခုပင် ဖြစ်ပါတော့သည်။

**ကိုးကား–**

၁။ မှန်နန်းရာဇဝင်တော်ကြီး

၂။ ဦးဖိုးကျား၏ နတ်သမိုင်း

၃။ ကိုပညာ(အမရပူရ)၏သမိုင်းမှတ်တမ်းများ။

**ခင်မွန်သိန်းတန်(မန္တလေး)**

## ပိုးသတ်ဆေးသုံးစွဲသူများ အသိအမှတ်ပြု(CPA)သင်တန်းဖွင့်လှစ်

**မန္တလေး စက်တင်ဘာ ၁**

ပိုးသတ်ဆေးရောင်းချသူ၊ ဖြန့်ဖြူးသူနှင့် ကိုင်တွယ်သုံးစွဲသူများအားလုံး ကျန်းမာရေးနှင့် ညီညွတ်စွာ ကိုင်တွယ်သုံးစွဲနိုင်စေရန်ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေး ဌာနခွဲမှ ကျင်းပပြုလုပ်သော လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများ အသိအမှတ်ပြု CPA အမှတ်စဉ်(၃၅)သင်တန်းကို ယနေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

အဆိုပါ သင်တန်းပထမနေ့တွင် သီးနှံကာကွယ်ရေးဌာနခွဲ(ရုံးချုပ်) ရန်ကုန်မှ ဒုတိယညွှန်ကြားရေးမှူး သင်တန်းမှူးဒေါ်ဆိုင်းရော်က စာတွေ့လက်တွေ့ပို့ချသင်ကြားလျက်ရှိပြီး သင်တန်းကာလအတွင်း သင်တန်းနည်းပြ ၁၀ ဦးက တစ်ရက်လျှင် ခုနစ်ချိန်ခွဲ၍ စက်တင်ဘာ ၁ ရက်မှ ၃ ရက်အထိ ၃ ရက်ကြာ သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၂၀၀ ကျော် တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**အလင်းသစ်**



## ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၄၇၁၃ ဧက စိုက်ပျိုးမည်

**ပွင့်ဖြူ စက်တင်ဘာ ၁**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၄၇၁၃ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပွင့်ဖြူမြို့နယ်တွင် ပဲကြီး ၄၇၁၃ ဧက စိုက်ပျိုးရန်အတွက်လျာထားပြီး အဆိုပါပဲကြီးစိုက်ပျိုးခြင်းကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးသွားမည်ဖြစ်သည်။

"လာမယ့် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်အတွင်း ပဲကြီး ၄၇၁၃ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ပဲကြီးသီးနှံတွေ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေအချိန်မီရရှိရေး၊ အထွက်နှုန်းကောင်းတဲ့ မျိုးတွေ ရရှိရေး၊ စိုက်ပျိုးရေးနည်းပညာနဲ့ ပိုးမွှားရောဂါကင်းရှင်းရေး စတဲ့ စိုက်ပျိုးရေးအသိပညာပေးတာတွေကို ဆောင်ရွက်ပေးသွားပါမယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံ ပဲကြီးစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရရှိရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး၊ အထွက်နှုန်းများ ကောင်းမွန်ရေးနှင့် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေးတို့အတွက် အသိပညာပေးလုပ်ငန်းများ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၄၅)

# ငွေကြေးထောက်ပံ့ခြင်းအစီအစဉ် (MCCT) အသိပညာပေးခြင်းနှင့် အာဟာရအသိပညာပေး

**မိုင်းဖြတ် စက်တင်ဘာ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်တွင် ကိုယ်ဝန်ဆောင်မိခင်နှင့် ၄င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ပေးခြင်းအစီအစဉ် (MCCT) အသိပညာပေးခြင်းနှင့် အာဟာရအသိပညာပေးခြင်းကို ဩဂုတ် ၃၁ရက် နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥက္ကဋ္ဌ ဦးလှမျိုးက အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန အကြီးတန်းစာရေး ဒေါ်မေမေခင်က ငွေကြေးထောက်ပံ့ပေးခြင်းအစီအစဉ် (MCCT) ၏ ရည်ရွယ်ချက်များ၊ ပူးပေါင်းဆောင်ရွက်သည့်ဌာနများ၊ ကိုယ်ဝန်ဆောင်များ၏ အကျိုးခံစားခွင့် လျှောက်ထားရာတွင် လိုအပ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပါဆန်းကျေးလက် ကျန်းမာရေးဌာန ကျန်းမာရေးမှူး ဒေါ်ခင်သီတာက မိခင်များ ကိုယ်ဝန်ဆောင်စဉ်တစ်လျှောက် သိရှိလိုက်နာရမည့် ကျန်းမာရေးဗဟုသုတနှင့် ရင်သွေးငယ်များအတွက် အာဟာရအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန (လူမှု-၅) ဒေါ်မြမျက်ဝန်းက အာဟာရအကြောင်းကိုလည်းကောင်း ပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**သန်းထွန်းအေး(မိုင်းဖြတ်)**



## သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်ပြသ

**တောင်တွင်းကြီး စက်တင်ဘာ ၁**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ယမန်နေ့ နံနက် ၉ နာရီက အခြေခံပညာမူလတန်းကျောင်း (မြို့ဦး)၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင် ပြသခဲ့သည်။

အဆိုပါ အသိပညာပေး နံရံကပ်စာစောင်တွင် မုန်တိုင်းအန္တရာယ်ဖြစ်ပေါ်လာနိုင်သည့်အတွက် ပြည်သူများအနေဖြင့် ကြိုတင်ပြင်ဆင်ထားရမည့်အချက်များ၊ မုန်တိုင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်အချက်များ၊ မုန်တိုင်းဖြစ်ပေါ်နေစဉ် လိုက်နာရန် အချက်များနှင့် ရှောင်ရှားရန်အချက်များ၊ မုန်တိုင်းများ၏ အန္တရာယ်ကို နားလည်သဘောပေါက် လွယ်စေရန် အရောင်များဖြင့် သတိပေးစနစ်များ၊ မုန်တိုင်းဖြစ်ပေါ်ပြီးချိန်တွင် လုပ်ဆောင်ရမည့်အချက်များ၊ ရှောင်ရှားရမည့်အချက်များ၊ သတိပြုကာကွယ်အပူဒဏ်အန္တရာယ်၊ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် အခြားဗဟုသုတရဖွယ်ရာများကို ပြသခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မြို့နယ်လမ်းဆုံတွင် ဖွင့်လှစ်ထားရှိသည့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်သို့ စာအုပ်၊ စာစောင်များ လာရောက်လေ့လာဖတ်ရှုနိုင်ကြောင်းလည်း ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းမြတ်က အသိပညာပေး မိတ်ဆက်ပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**နောင်နောင်(ဗိသနိုးမြေ)**

## စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ဇမ္ဗူသီရိ စက်တင်ဘာ ၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်မြတ်နိုးသူများပူးပေါင်း၍ စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဩဂုတ် ၃၁ ရက် မွန်းလွဲပိုင်းက လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပသည်။

စာဖတ်ဝိုင်း ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဇမ္ဗူသီရိမြို့နယ်ရုံး မြို့နယ်ဦးစီးမှူး ဒေါ်နီလာစိုးက စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် စာဖတ်သူအချင်းချင်း အသိပညာများ ဖလှယ်နိုင်စေရန်ရည်ရွယ်၍ စာဖတ်ဝိုင်းကို ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး စာဖတ်ဝိုင်းကို ဆက်လက်ပြုလုပ်ရာ စာပေချစ်မြတ်နိုးသူများက စာရေးဆရာမ ဒေါက်တာမတင်ဝင်းရေးသားသော "ဝဋ်ဆိုတာ လည်တတ်တဲ့ သဘောရှိတယ်" စာအုပ်တွင်ပါရှိသော ခေါင်းစဉ်များအနက်မှ သာကီဝင်မင်းမျိုးများ၊ ကိုယ်ပုပ်သော တိဿရဟန်း၊ မဟာကာလ ဥပါသကာ၊ သောရေယျသူဌေးသား၊ မျက်မမြင်သူတော်ကောင်းများ စသည့် ကြိုက်နှစ်သက်ရာ ခေါင်းစဉ်တစ်ခုချင်းအလိုက် အသီးသီး ဖတ်ကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**မြို့နယ်(ပြန်/ဆက်)**





ဖတ်စရာ၊ မှတ်စရာ
စုံလင်

## လူထဲက လူ

* ဗုဒ္ဓသာသနာ ကြုံဖို့ရာ
လွန်စွာခဲယဉ်းတာ
သာသနာကြုံခိုက် ကုသိုလ်ပြုထိုက်၏ ။

* ဥစ္စာ ဓန ပေါကြွယ်ဝလည်း
ဒါနမဖက် မလှူရက်လျှင်
ရမက်တွေဖုံး လူဖြစ်တုံး၏ ။

* ဘုရားသာသနာ ကြုံတွေ့ပါလည်း
သိက္ခာသီလ ပျက်ပြားကြလျှင်
အလင်းရောင်ဆိတ်သုဉ်း လူဖြစ်ဆုံး၏ ။

* တရား ဓမ္မ နာကြားကြလည်း
ဘာဝနာအလုပ် အားမထုတ်ကြလျှင်
ဘဝတစ်လျှောက်လုံး လူဖြစ်ရှုံး၏ ။

* မြတ်ဗုဒ္ဓ၏ သစ္စာလေးပါး
မြတ်တရားများ မနာကြားပေ
အချိန်တွေဖြုန်း လူဖြစ်ပြုန်း၏ ။

* အမှတ်တရားရှေ့ကသွားလည်း
အမှားနောက်ကိုလိုက် အမှောင်ကြိုက်ကာ
ဉာဏ်လွှာမသုံး လူဖြစ်သုဉ်း၏ ။

* ဒါန သီလ ဘာဝနာများ
ပွားများကျင့်ကြံ အသိမှန်မှ
"လူထဲကလူ" လူပီသ၏ ။ ။

**မိုးထက်ကို(အမရပူရ)**

## အကြမ်းဖက်ခံရသူများအား ပြီးပြည့်စုံသော ပြုစုစောင့်ရှောက်မှုပေးနိုင်မည့်စင်တာ (One Stop Crisis Center -OSCC) ဖွင့်လှစ်

**ပြင်ဦးလွင် စက်တင်ဘာ ၁**

ပြင်ဦးလွင်မြို့တွင် ကျား၊ မ အခြေပြုအကြမ်းဖက်ခံရသူများအား ပြီးပြည့်စုံသော ပြုစုစောင့်ရှောက်မှုပေးနိုင်မည့်စင်တာ (One Stop Crisis Center - OSCC) ဖွင့်ပွဲကို ဩဂုတ် ၃၁ ရက် မွန်းလွဲ ၃ နာရီက ပြင်ဦးလွင်မြို့ ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးရှိ အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်ဝန်ထမ်းများနှင့် သူနာပြုများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာသူများက ကျား၊ မ အခြေပြုအကြမ်းဖက်ခံရသူများအား ပြီးပြည့်စုံသော ပြုစုစောင့်ရှောက်မှုပေးနိုင်မည့်စင်တာနှင့်ပတ်သက်၍ အသီးသီး ဆွေးနွေးတင်ပြကြရာ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**ခရိုင်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀



### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၇)၊ ဦးပိုင်အမှတ်(၄၂)၊ ၆၈လမ်းနှင့် ၆၉လမ်းကြား၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်ဒင်(၉/နထက(နိုင်)၀၁၀၄၄၀)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၀၂၈/၂၀၁၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးနေဝင်း(၁၃/ကမန(နိုင်)၀၁၅၈၃၆)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၂၇)၊ ဦးပိုင်အမှတ်(၆၈)၊ ၄၉လမ်းနှင့် လမ်း၅၀ကြား၊ ၁၂၈လမ်းနှင့် ၁၂၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်မောင်ရွှေ(၁၃/လလန(နိုင်)၀၅၁၁၂၆)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၀၅/၂၀၂၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသိန်းသန်း(၅/ငဇန(နိုင်)၀၇၀၅၂၉)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄၁၇)၊ ဦးပိုင်အမှတ်(၁၁၆-အ/၁)၊ ၆၅လမ်း၊ ၂၂လမ်းနှင့် ၂၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးရဲထွန်းလင်း(၉/အမဇ(နိုင်)၀၀၉၁၃၇)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျိုကုန်းရပ်ကွက်၊ အကွက်အမှတ်(၄)၊ ဦးပိုင်အမှတ်(၂၁)၊ ၇၂လမ်းနှင့် ၇၃လမ်းကြား၊ ငွေတော်ကျိုကုန်းလမ်းတောင်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုင်းအောင်လှ(၁၃/ကခန(နိုင်)၀၁၃၃၂၃)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၄၁၀/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျော်မောင်မောင်(၅/စကန(နိုင်)၁၅၀၅၄၆)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျိုကုန်းရပ်ကွက်၊ အကွက်အမှတ်(၄)၊ ဦးပိုင်အမှတ်(၂၀)၊ ၇၂လမ်းနှင့် ၇၃လမ်းကြား၊ ငွေတော်ကျိုကုန်းလမ်းတောင်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လျှိုဆုံဟော(ခ)လျှိုဆုံဟော့(၁၃/ကခန(နိုင်)၀၁၈၁၇၅)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၄၁၁/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျော်မောင်မောင်(၅/စကန(နိုင်)၁၅၀၅၄၆)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(နန-၂၃)၊ ဦးပိုင်အမှတ်(နန-၂၃ A -ခ)၊ ၆၈လမ်းနှင့် ၆၉လမ်းကြား၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးညွန့်ဝေ(၉/မနတ(နိုင်)၀၂၃၁၅၃)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၈၃/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ခိုင်ဇင်မွန်ဦး(၉/မဟမ(နိုင်)၀၄၄၁၀၁)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၂)၊ ဦးပိုင်အမှတ်(၁၂)၊ ၅၂လမ်းနှင့် ၅၃လမ်းကြား၊ ၁၁၅လမ်းနှင့် ၁၁၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ တပ်ကြပ် ချစ်မောင်(၁၃/ရစန(နိုင်)၀၀၅၂၈၉)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၀၉၀/၂၀၁၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ယွန်းဖွင်း(၁၃/နမတ(နိုင်)၀၃၁၉၈၉)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ သံလျက်မော်တောင်ရပ်ကွက်၊ အကွက်အမှတ်(၄၄၂)၊ ဦးပိုင်အမှတ်(၁၃-က)၊ ဘုရားကြီးအနောက်မုခ်၊ အမှတ်(၁၀)ရဲစခန်းလမ်းနှင့် ရွှေတချောင်းမြောင်းလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသိမ့်ဟိန်း(၁၀/သဖရ(နိုင်)၀၆၆၁၀၇)၊ ဒေါ်သီတာအောင်(၉/မနတ(နိုင်)၀၀၆၃၇၉)တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၃၉/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျော်မင်းမင်း(၅/ဗမန(နိုင်)၀၃၆၉၈၂)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၉)၊ ဦးပိုင်အမှတ်(၇၁)၊ ၆၅လမ်းနှင့် ၆၇လမ်းကြား၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြားရှိ ဦးမိုးအမည်ပေါက် ဂရန်မြေကွက်အား၊ ဖခင်ဦးမိုး၊ မိခင် ဒေါ်သိန်းမီတို့ကွယ်လွန်၍ ကျန်ရစ်သောတစ်ဦးတည်းသောသမီး ဒေါ်မိုးပြည့်ပြည့်ဖြိုး(၁၂/ဥကမ(နိုင်)၁၇၈၈၀၉)က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျိုကုန်းရပ်ကွက်၊ အကွက်အမှတ်(၄)၊ ဦးပိုင်အမှတ်(၁၉)၊ ၇၂လမ်းနှင့် ၇၃လမ်းကြား၊ ငွေတော်ကျိုကုန်းလမ်းတောင်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးငွေးလွင်ဦး(၁၃/ကခန(နိုင်)၀၈၂၄၆၆)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၄၁၂/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျော်မောင်မောင်(၅/စကန(နိုင်)၁၅၀၅၄၆)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(မ-၉)၊ ဦးပိုင်အမှတ်(၂၈-က)၊ ၆၃လမ်းနှင့် ၆၄လမ်းကြား၊ ၁၀၁လမ်းနှင့် ၁၀၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုးထွဋ်(၈/ပခက(နိုင်)၀၄၃၅၆၅)၊ ဦးမျိုးလွင်(၁၂/ဒဂန(နိုင်)၀၁၅၁၆၉)၊ ဦးဆန်းလွင်(၁၂/ဒဂန(နိုင်)၀၁၅၁၇၀)၊ ဦးညာဏ်မြင့်စိုး(၁၂/ဒဂန(နိုင်)၀၁၅၁၇၁)၊ ဦးဖုန်းကျော်စိုး(၁/မကန(နိုင်)၀၀၀၀၂၄)တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၁၀၅/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမင်းသူ(၉/အမဇ(နိုင်)၀၀၂၇၀၀)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၉)၊ ဦးပိုင်အမှတ်(၇၀)၊ ၆၅လမ်းနှင့် ၆၇လမ်းကြား၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြားရှိ ဦးမိုးအမည်ပေါက် ဂရန်မြေကွက်အား၊ ဖခင်ဦးမိုး၊ မိခင် ဒေါ်သိန်းမီတို့ကွယ်လွန်၍ ကျန်ရစ်သောတစ်ဦးတည်းသောသမီး ဒေါ်မိုးပြည့်ပြည့်ဖြိုး(၁၂/ဥကမ(နိုင်)၁၇၈၈၀၉)က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၈)၊ ဦးပိုင်အမှတ်(၉၁)၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြား၊ ၅၉လမ်းနှင့် လမ်း၆၀ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်မာစီ(၉/မနမ(နိုင်)၀၂၄၄၈၅)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၈၁၂/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နှင်းဖြူဝင်း(၉/မဟမ(နိုင်)၀၅၈၆၃၅)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာစာ

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၅၈၈)၊ ဦးပိုင်အမှတ်(၂၉/၁၇၇)၊ ရန်-မန်းကားလမ်းဟောင်းမျက်နှာပြင်၊ ငါးမွေးမြူရေးလုပ်ငန်းဦးစီးဌာနအနောက်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ညွန့်ညွန့်ခင်(၉/မရမ(နိုင်)၀၃၇၆၆၅)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၃)၊ ဦးပိုင်အမှတ်(၇၁)၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ ၆၂လမ်းနှင့် ၆၃လမ်းကြားရှိ ဂရန်မြေကွက်အား၊ အမည်ပေါက်သူ ဖခင်ဦးခင်မောင်စိုး၊ မိခင် ဒေါ်အမာန်း(ခ)သောင်းညွန့်တို့ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်သော ဦးသိန်းကျော်စိုး(ခ)သိမ်းကျော်စိုး(၉/မနတ(နိုင်)၀၃၁၈၀၈)၊ ဒေါ်ဖြူပြာစိုး(၉/မနတ(နိုင်)၀၃၁၈၀၉)တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၉)၊ ဦးပိုင်အမှတ်(၆၉)၊ ၆၅လမ်းနှင့် ၆၇လမ်းကြား၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြားရှိ ဦးမိုးအမည်ပေါက် ဂရန်မြေကွက်အား၊ ဖခင်ဦးမိုး၊ မိခင် ဒေါ်သိန်းမီတို့ကွယ်လွန်၍ ကျန်ရစ်သောတစ်ဦးတည်းသောသမီး ဒေါ်မိုးပြည့်ပြည့်ဖြိုး(၁၂/ဥကမ(နိုင်)၁၇၈၈၀၉)က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(တ-၆)၊ ဦးပိုင်အမှတ်(၃၀)၊ ၆၄လမ်းနှင့် ၆၅လမ်းကြား၊ ၁၀၃လမ်းနှင့် ၁၀၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသက်နိုင်(၁၄/မမက(နိုင်)၀၀၅၀၂၅)၊ ဒေါ်သူဇာမေ(၉/ပသက(နိုင်)၀၀၄၇၅၁)တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၀၀၁၈/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမျိုးမင်းအောင်(၈/ရစက(နိုင်)၁၁၄၉၇၂)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာစာ

မန္တလေး၊ အမရပူရမြို့နယ်၊ ရွှေဥမ်းထုပ်ရပ်ကွက်၊ အကွက်အမှတ်(၅၉၅-က)၊ ဦးပိုင်အမှတ်(၂၁၂)၊ တရုတ်တန်းလမ်း၊ ဖန်ချက်ရပ်ရှိ ဦးမင်းဟန်၊ ဇနီး ဒေါ်မြင့်မြင့်အမည်ပေါက် ဂရန်မြေကွက်အား၊ ဇနီး ဒေါ်မြင့်မြင့်ကွယ်လွန်၍ ကျန်ရစ်သောပူးတွဲအမည်ပေါက်သူ ခင်ပွန်း ဦးမင်းဟန်(၉/အမရ(နိုင်)၀၈၁၅၁၈)က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၉)၊ ဦးပိုင်အမှတ်(၆၈)၊ ၆၅လမ်းနှင့် ၆၇လမ်းကြား၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြားရှိ ဦးမိုးအမည်ပေါက် ဂရန်မြေကွက်အား၊ ဖခင်ဦးမိုး၊ မိခင် ဒေါ်သိန်းမီတို့ကွယ်လွန်၍ ကျန်ရစ်သောတစ်ဦးတည်းသောသမီး ဒေါ်မိုးပြည့်ပြည့်ဖြိုး(၁၂/ဥကမ(နိုင်)၁၇၈၈၀၉)က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(တ-၆)၊ ဦးပိုင်အမှတ်(၂၉)၊ ၆၄လမ်း၊ ၁၀၃လမ်းနှင့် ၁၀၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုင်းမောင်ထွန်း(၁၃/နခန(နိုင်)၀၁၃၅၉၀)၊ ဒေါ်နန်းမြစိန်(၁၃/နခန(နိုင်)၀၆၁၂၃၄)တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၁၀၁/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမျိုးမင်းအောင်(၈/ရစက(နိုင်)၁၁၄၉၇၂)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်း လေးယောက်တွဲ အဖွဲ့လိုက် (အမျိုးသား)ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ (အမျိုးသမီး)ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ဗိုလ်လုပွဲတက်ရောက်

နေပြည်တော် စက်တင်ဘာ ၁

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)၌ ကျင်းပသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်း (အမျိုးသား)လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ တတိယလုပွဲ ပွဲစဉ်တွင်

စာမျက်နှာ ၁၀သို့ ★




# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၁

အားကစားရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပပုံများကို ယင်းနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Sports Channelနှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။ သတင်းစဉ်

# အယ်လ်နီညိုဖြစ်စဉ်ကြောင့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၁

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာရာသီဥတုဗဟိုဌာနများ၏ ထုတ်ပြန်ချက်များကိုအခြေခံ၍ ခန့်မှန်းသုံးသပ်ချက်များအရ အီကွေတာအနီးရှိအပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ပင်လယ်ရေမျက်နှာပြင် အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ စက်တင်ဘာလအတွင်းအားကောင်းရာမှ အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်ပြီး ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မူမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မူမမှန်ခြင်း၊ လာမည့်နွေကာလများတွင် နေ့အပူချိန်များ မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်နိုင်ကြပါရန် အသိပေးအပ်ပါသည်။ အယ်လ်နီညိုဖြစ်ပေါ်မှုနှင့် ပတ်သက်သည့်အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည်ဖြစ်ပါသည်။ မိုး/ဇလ

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပန်းနှမ်း ၃၂၁ ဧက လျာထားစိုက်ပျိုးမည်

**ပွင့်ဖြူ စက်တင်ဘာ ၁**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပန်းနှမ်း ၃၂၁ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပန်းနှမ်း ၃၂၁ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါ ပန်းနှမ်း စိုက်ပျိုးခြင်းကို နိုဝင်ဘာလတွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ တောင်သူများအခက်အခဲမရှိ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရန်အတွက် လိုအပ်သည့် စိုက်ပျိုးရေးနည်းပညာနှင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

“ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ပန်းနှမ်း ၃၂၁ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားချက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ ပန်းနှမ်းစိုက်ပျိုးရေးက ဆောင်းသီးနှံရာသီမှာပဲ စိုက်ပျိုးတာဖြစ်ပါတယ်။ ပန်းနှမ်းစိုက်ပျိုးတာနဲ့ ပတ်သက်ပြီး တောင်သူတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်အောင် လိုအပ်တဲ့ စိုက်ပျိုးရေး နည်းပညာတွေ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်”ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်အတွင်း ပန်းနှမ်းစိုက်ပျိုး တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေးနှင့် သွင်းအားစုများ စနစ်တကျ သုံးစွဲတတ်စေရေး တို့အတွက် စိုက်ပျိုးရေးဆိုင်ရာ သင်တန်းများ၊ ဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ လက်တွေ့စိုက်ပျိုးနည်း ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၄၅)

၀-၀-၀-၀



# အိုလီဝက်ကင်းစ် အယ်လ်ဟီလာအသင်းတွင် ကျောနံပါတ် (၁၁)ဂျာစီ ဝတ်ဆင်ကစားသွားမည်

**ရီးယဒ် စက်တင်ဘာ ၁**

တိုက်စစ်မှူးသစ် အိုလီဝက်ကင်းစ်သည် အယ်လ်ဟီလာအသင်း၌ ကျောနံပါတ် (၁၁)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အသက်(၃၀)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် လက်ရှိဈေးကွက်အတွင်းတွင် အက်စတွန်ဗီလာအသင်းမှ အယ်လ်ဟီလာအသင်းသို့ ၂၀၂၉ ခုနှစ်အထိ စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

တိုက်စစ်မှူး အိုလီဝက်ကင်းစ်သည် အက်စတွန်ဗီလာအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၅၅ ပွဲကစားပြီး ၂၁ ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အယ်လ်ဟီလာအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး အိုလီဝက်ကင်းစ် အနေဖြင့် အယ်လ်ဟီလာအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)




# မက်ဆီ လက်ရွေးစင်ကစားသမားဘဝမှ အနားယူ

**ဗျူနိုအေးရိစ် စက်တင်ဘာ ၁**

တိုက်စစ်မှူး မက်ဆီသည် နိုင်ငံအသင်းဖြစ်သည့် အာဂျင်တီးနား လက်ရွေးစင်အသင်း ကစားသမားဘဝမှ အနားယူလိုက်ပြီဖြစ်ကြောင်း အတည်ပြုကြေညာခဲ့သည်။

တိုက်စစ်မှူး မက်ဆီသည် အာဂျင်တီးနားလက်ရွေးစင်အသင်းနှင့် ၂၀၀၅ မှ ၂၀၂၆ ခုနှစ်အထိ ပြိုင်ပွဲပေါင်း ၂၀၇ ပွဲကစားကာ ၁၂၅ ဂိုးအထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ပြီး အသင်းနှင့်အတူ ၂၀၂၂ ကမ္ဘာ့ဖလား၊ ၂၀၂၁၊ ၂၀၂၄ ကိုပါအမေရိကဖလား၊ ၂၀၂၂ Finalissima ဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့သည်။

အသက်(၃၉)နှစ်အရွယ်ရှိ မက်ဆီက ‘ကျွန်တော် လက်ရွေးစင်ကစားသမားဘဝမှ အနားယူပါပြီ။ ဘောလုံးကစားခဲ့တဲ့ အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ။ ကျွန်တော့်ကို အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီကိုလည်း ကျေးဇူးတင်ပါတယ်’ ဟု ပြောသည်။

(NGB)

